|---|---|---|---|---|---|
| ၁။ | မ | ၂၂၀၆၄ | လက်ထောက်<br>မီးသတ်ဦးစီးမှူး | ရဲလင်းအောင် | မောင်တော<br>မြို့နယ်၊<br>အလယ်သံကျော်<br>နယ်မြေ<br>မီးသတ်စခန်း |
| ၂။ | မ | ၂၃၅၉၀ | လက်ထောက်<br>မီးသတ်ဦးစီးမှူး | ခိုင်မင်းနိုင် | မောင်တော<br>မြို့နယ်<br>မီးသတ်စခန်း |
| ၃။ | မ | ၂၅၅၈၄ | လက်ထောက်<br>မီးသတ်ဦးစီးမှူး | တင်စော | မောင်တော<br>မြို့နယ်၊<br>တောင်ပြိုလက်ဝဲ<br>နယ်မြေ<br>မီးသတ်စခန်း |
| ၄။ | မ | ၁၉၇၇၁ | မီးသတ်<br>တပ်ကြပ်ကြီး | အောင်နိုင်ဖြိုး | မောင်တော<br>မြို့နယ်<br>မီးသတ်စခန်း |
| ၅။ | မ | ၂၀၇၂၀ | မီးသတ်<br>တပ်ကြပ်ကြီး | အောင်သန်းရွှေ | မောင်တော<br>မြို့နယ်<br>မီးသတ်စခန်း |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

**အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၅ အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်စန်းဦး အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် အငြိမ်းစားယူပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့် တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦး အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်နှင့် ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဒေါ်နိုင်သက်ဦး သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဗဟိုအဖွဲ့အစည်း၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိ ခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၈/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee) တွင် အဖွဲ့ဝင်များ ထပ်မံဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee) တွင် အောက်ပါပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်စွက်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဦးသာဦး | ဒုတိယဝန်ကြီး | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးဆက်အောင် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၃) | ဦးသောင်းတင် | နာယက | မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် |
| (၄) | ဦးရဲမင်းဦး | အဖွဲ့ဝင် | ဗဟိုစီးပွားရေးကော်မတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| (၅) | ဦးဝေဖြိုး | ဒုတိယဥက္ကဋ္ဌ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

**ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်နာယကသည် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်း ကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | နာယက |
| (ခ) | ဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | နာယက |
| (ဂ) | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဌ) | အတွင်းရေးမှူး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ်မောင်မောင်<br>တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး | အတွင်းရေးမှူး |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့လွှတ်တော်ရုံး | တွဲဖက်အတွင်းရေးမှူး (၁) |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ ဗဟိုကော်မတီသည် လိုအပ်သည့်လုပ်ငန်းဆိုင်ရာကော်မတီများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၃။ ဗဟိုကော်မတီ၏ သက်တမ်းသည် ဒုတိယအကြိမ်လွှတ်တော်များ၏ သက်တမ်းအတိုင်းဖြစ်သည်။

၄။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့်ဖွဲ့စည်းခဲ့သော ၂၀၁၈ ခုနှစ်၊ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) တီခွန်မြတ်

နာယက

ပြည်ထောင်စုလွှတ်တော်ရုံး

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၈၊ မြန်မာနိုင်ငံလူမွေးခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း မှအဆက် ]**

## အပိုင်း (၈)

## တစ်သီးပုဂ္ဂလလူမွေးခံခြင်း

## အခန်း (၁)

## မိမိဆန္ဒအလျောက်အစီအစဉ်များ ပြုလုပ်ခြင်း

### ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိသော မြီစားအပေါ်တွင် အရေးယူဆောင်ရွက်ခြင်းအား ဆိုင်းငံ့ခြင်း သက်ဆိုင်ခြင်း

၂၃၀။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် သာမန်လူပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် မြီစားနှင့် ၎င်း၏ မြီရှင်များအကြား မိမိဆန္ဒအလျောက်အစီအစဉ်ပြုလုပ်ခြင်း၊ ယင်း၏အကျိုးသက်ရောက်မှုတို့နှင့် သက်ဆိုင်စေရမည်ဖြစ်ပြီး ဤအပိုင်း (၈) တွင် ပါရှိသည့် အခြားသောအခန်းများရှိ ပြဋ္ဌာန်းချက်များသည် ထိုမြီစားအား နည်းလမ်းတကျ လူမွဲခံစေသည့် လုပ်ငန်းစဉ်များ၊ အကျိုးသက်ရောက်မှုများနှင့် သက်ဆိုင်စေရမည်။

### တရားရုံး၏ ဆိုင်းငံ့မိန့်

၂၃၁။ (က) သာမန်လူပုဂ္ဂိုလ်မြီစားတစ်ဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ရန်လိုပါက ဆိုင်းငံ့မိန့်ချမှတ်ပေးရန် တရားရုံးသို့ လျှောက်ထား နိုင်သည်။

(ခ) မြီစားမှ တင်သွင်းသော လူမွဲခံယူခြင်းဆိုင်ရာလျှောက်ထားမှု ပြီးပြတ်ခြင်းမရှိသေးမီ တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မခွဲ (က) အရ ထပ်မံ လျှောက်ထားခြင်းမပြုရ။

(ဂ) ဆိုင်းငံ့မိန့် အတည်ဖြစ်နေသည့် အချိန်ကာလအတွင်း အောက်ပါကိစ္စရပ်များ ဆောင်ရွက်ခြင်း မရှိစေရ -

(၁) မြီစားနှင့်စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာလျှောက်ထားမှုကို တင်သွင်းခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း၊

(၂) အိမ်ငှားရမ်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို မြီစားမှ လိုက်နာရန်ပျက်ကွက်မှု များကြောင့် အိမ်ရှင် သို့မဟုတ် အိမ်လခရထိုက်ခွင့်ရှိသူတစ်ဦးဦးက အငှားချထားသည့် ဥပစာကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှအပ ပြန်လည်သိမ်းယူခြင်း၊ ထို့ပြင်

(၃) တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှအပ မြီစားပေါ်တွင် အခြားမှုခင်းများ ဆောင်ရွက်ခြင်း၊ ဒီကရီအတည်ပြုရန်လျှောက်ထားခြင်း သို့မဟုတ် အခြားသော ဥပဒေ တစ်ရပ်ရပ်အရ လျှောက်ထားခြင်းကို စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုစေရမည့်အပြင် မြီစားပိုင်ပစ္စည်းကို သိမ်းဆည်းခြင်း။

### ဆိုင်းငံ့မိန့် ချမှတ်နိုင်သည့် အခြေအနေများ

၂၃၂။ (က) တရားရုံးသည် အောက်ပါအခြေအနေများနှင့်ကိုက်ညီပါက ပုဒ်မ ၂၃၁ အရ ဆိုင်းငံ့မိန့်ကို ထုတ်ဆင့်ပေးရမည် -

(၁) မြီစားသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် အစီအစဉ်ကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်းနှင့် အဆိုပြုလွှာမူကြမ်းကို လျှောက်လွှာနှင့် ပူးတွဲ တင်ပြထားကြောင်း၊

(၂) ထိုအဆိုပြုလွှာကို စတင်လျှောက်ထားသောနေ့တွင် မြီစားသည် လူမွဲအဖြစ် ခံယူရန်အတွက် သတ်မှတ်ချက်နှင့် ပြည့်စုံသူဖြစ်ကြောင်း၊

(၃) ထိုသို့လျှောက်ထားသည့်နေ့မှ ပြီးခဲ့သည့် ၁၂ လတာကာလအတွင်း မြီစားက အလားတူ လျှောက်ထားမှုမျိုးကို လျှောက်ထားခဲ့ခြင်းမရှိကြောင်းနှင့်

(၄) မြီစားမှ အဆိုပြုလွှာ၌ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင်က မိမိဆန္ဒအလျောက် အစီအစဉ်ကို ကြီးကြပ်သူအဖြစ် ဆောင်ရွက်ပေးရန် စာဖြင့်ရေးသားသဘောတူကြောင်း။

( ခ ) မြီစား၏ အဆိုပြုချက်ကို လက်ခံစဉ်းစားခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ပြုရာတွင် အထောက်အကူဖြစ်စေမည်ဟု ယူဆပါက တရားရုံးသည် ဆိုင်းငံ့မိန့်ကို ချမှတ်နိုင်သည်။

( ဂ ) ထိုသို့ ဆိုင်းငံ့မိန့်ချမှတ်ရာတွင် ဤအခန်း၌ဖြစ်စေ၊ နည်းဥပဒေများတွင်ဖြစ်စေ ပြဋ္ဌာန်းသတ်မှတ်ထားသော တာဝန်များမှ မြီစားအား လျှော့ပေါ့ပေးခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း ပြုသည့်အချက်များကို ထည့်သွင်းချမှတ်ခြင်းမပြုရ။ သို့ရာတွင် လူမွဲခံခြင်းကိစ္စအလို့ငှာ မြီစားပိုင်ပစ္စည်း၏ တန်ဖိုးကို သိသာထင်ရှားစွာ လျော့ကျစေခြင်း သို့မဟုတ် ထိခိုက်စေခြင်း မရှိတန်ရာကြောင်း ကျေနပ်မှုသာလျှင် ထိုသို့ထည့်သွင်းချမှတ်ခြင်း ပြုရမည်။

(ဃ) အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် အထက်ပါပုဒ်မ ၂၃၁ အရ လျှောက်ထားမှု အပေါ် တရားရုံးက ချမှတ်သည့်အမိန့်သည် ယင်းအမိန့်ကို ချမှတ်သည့်နေ့မှစ၍ ၂၈ ရက် ကုန်ဆုံးသည့်နေ့တွင် အကျိုးသက်ရောက်မှု ရပ်စဲစေရမည်။

**ဆိုင်းငံ့မိန့် လျှောက်ထားမှု၏ အကျိုးသက်ရောက်မှုများ**

၂၃၃။ (က) ဆိုင်းငံ့မိန့်ရရှိရန် လျှောက်ထားဆဲ မည်သည့်အချိန်တွင်မဆို -

(၁) အိမ်ငှားရမ်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို မြီစားမှ လိုက်နာရန်ပျက်ကွက်မှု များကြောင့် အိမ်ရှင် သို့မဟုတ် အိမ်လခရထိုက်ခွင့်ရှိသော အခြားတစ်စုံတစ်ဦးက အငှားချထားသည့်ဥပစာကို တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှအပ ပြန်လည် သိမ်းယူခြင်း မပြုရ။

(၂) တရားရုံးသည် မြီစားပိုင်ပစ္စည်းကို ဝရမ်းကပ်သိမ်းဆည်းခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ဝရမ်းကပ်သိမ်းဆည်းကာ ရောင်းချခြင်းမပြုစေရန် တားမြစ်နိုင်သည့်အပြင် ထိုမြီစား၏ ပစ္စည်းအပေါ်တွင် ဆောင်ရွက်နေသော အရေးယူဆောင်ရွက်မှု သို့မဟုတ် ဒီကရီအတည်ပြုမှု သို့မဟုတ် အခြားသော ဥပဒေတစ်ရပ်ရပ်အရ လျှောက်ထားမှုကို ဆိုင်းငံ့မိန့်ချမှတ်နိုင်သည်။

(၃) ပုဒ်မ ၂၃၁ အရ လျှောက်ထားခဲ့ကြောင်း သက်သေခံအထောက်အထားတစ်ရပ်ရပ်ကို တင်ပြလာသည့်အခါ တစ်ဦးတစ်ယောက်အပေါ်တွင် အရေးယူဆောင်ရွက်နေသော တရားရုံးသည် ထိုဆောင်ရွက်မှုများကို ဆိုင်းငံ့ခြင်း သို့မဟုတ် သင့်တော်သည်ဟု ယူဆသော စည်းကမ်းချက်များသတ်မှတ်၍ ဆက်လက်ဆောင်ရွက်ခြင်းပြုလုပ်နိုင်သည်။

## မြီစား၏ အဆိုပြုချက်

**အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ အစီရင်ခံစာ**

၂၃၄။ (က) ဤအခန်းအရ မိမိဆန္ဒအလျောက် အစီအစဉ်ပြုလုပ်ရန် အဆိုပြုလွှာတွင် ယင်းအဆိုပြုချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ကြီးကြပ်ရန်အလို့ငှာ တစ်စုံတစ်ဦးကို အစီအစဉ် ကြီးကြပ်သူအဖြစ် ခန့်ထားရန် ဖော်ပြပါရှိရမည့်အပြင် ထိုသူသည် အပိုင်း (၃) ပါ ပြဋ္ဌာန်းချက် များအရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန်အရည်အချင်းရှိသူတစ်ဦး ဖြစ်ရမည်။

( ခ ) ပုဒ်မ ၂၃၁ အရ လျှောက်ထားချက်ကြောင့် ဆိုင်းငံ့မိန့်ကို ချမှတ်ခဲ့ပြီးနောက် ထိုအမိန့်၏ အကျိုးသက်ရောက်မှု ရပ်စဲခြင်း မရှိမီတွင် အဆိုပြုခံရသူသည် အောက်ပါအချက်များ ပါဝင်သည့် အစီရင်ခံစာကို တရားရုံးသို့ တင်ပြရမည် -

(၁) မြီစား၏ အဆိုပြုလွှာပါ အစီအစဉ်များအပေါ် သဘောတူညီချက်ရရှိရန်နှင့် အကောင် အထည်ဖော်ဆောင်ရွက်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာ ရှိ မရှိနှင့်စပ်လျဉ်း၍ ၎င်း၏ ထင်မြင်ယူဆချက်၊

(၂) မြီစား၏ အစီအစဉ်များနှင့်စပ်လျဉ်း၍ မြီရှင်များက စဉ်းစားဆင်ခြင်နိုင်စေရန် အခွင့်အရေး ပေးသင့် မသင့်နှင့်စပ်လျဉ်း၍ ၎င်း၏ ထင်မြင်ယူဆချက်။

(ဂ) အဆိုပြုခံရသူမှ အစီရင်ခံစာကိုပြုစုနိုင်ရန်အလို့ငှာ မြီစားသည် အောက်ပါတို့ကို ပေးအပ်ရမည် -

(၁) မြီစားအဆိုပြုတင်ပြသည့် မိမိဆန္ဒအလျောက်အစီအစဉ်နှင့်စပ်လျဉ်း၍ အခြေခံအဖြစ် တင်ပြလိုသည့် စာရွက်စာတမ်းများ၊

(၂) လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများအရ သတ်မှတ်ဆင့်ဆိုထားသည့် အချက်အလက်များ ပါဝင်သောမြီစား၏ လုပ်ငန်းကိစ္စဆိုင်ရာ ထုတ်ဖော်ကြေညာချက်၊ ထို့ပြင်

(၃) ဤပုဒ်မအရ တင်ပြသော စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်စွာ ပြုလုပ်သော အဆိုပြုခံရသူ၏ မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားချက်များ။

(ဃ) အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှ လျှောက်ထားလာပါက အစီရင်ခံစာကို ပြင်ဆင်တင်ပြနိုင်ရန်အတွက် အချိန်ပိုမိုရရှိစေရန် တရားရုံးသည် ဆိုင်းငံ့ကာလကို တိုးမြှင့် သတ်မှတ်ပေးနိုင်သည်။

(င) မြီစား၏ အဆိုပြုချက်အပေါ် မြီရှင်များမှ လက်ခံစဉ်းစားနိုင်ရေး အခွင့်အလမ်းကို ပေးသင့်ကြောင်း အဆိုပြုခံရသူ၏ အစီရင်ခံစာကို လက်ခံရရှိပြီးနောက် ယင်းအစီရင်ခံစာအပေါ် တရားရုံးမှ ကျေနပ်လျှင် မြီစား၏ အဆိုပြုချက်အပေါ် မြီရှင်များက လက်ခံစဉ်းစားနိုင်စေရန်အလို့ငှာ ထိုအမိန့်ကို အချိန်ကာလအတိုင်းအတာတစ်ခုအထိ တိုးချဲ့သတ်မှတ်ရန် ညွှန်ကြားနိုင်သည်။

(စ) အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်ပညာရှင်၏ လျှောက်ထားချက်အရ အောက်ပါ အခြေအနေများ ဖြစ်ပေါ်နေသည်ဟုယူဆလျှင် တရားရုံးသည် ဆိုင်းငံ့မိန့်ကို ရပ်စဲစေနိုင်သည် -

(၁) ပုဒ်မခွဲ (ခ) ပါတာဝန်များကို မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ်

(၂) အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် မြီစား၏အဆိုပြုချက်ကို မြီရှင်များထံ တင်ပြရန် ကျိုးကြောင်းဆီလျော်မှု မရှိလျှင်။

**မြီစား၏အဆိုပြုချက်နှင့် အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ အစီရင်ခံစာ**

၂၃၅။ (က) ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မြီစားက အဆိုပြုတင်ပြသော မိမိဆန္ဒအလျောက် အစီအစဉ်တွင် အောက်ပါသတ်မှတ်ချက်များ ပါဝင်ခြင်း မရှိစေရ -

(၁) အာမခံအကျိုးခံစားခွင့်ရ မြီရှင်တစ်ဦး၏ခွင့်ပြုချက်မရှိဘဲ ၎င်းရရှိထားသော အာမခံပစ္စည်း အပေါ် အတည်ပြုဆောင်ရွက်ခွင့်ကို ထိခိုက်စေသည့် သတ်မှတ်ချက်များ သို့မဟုတ်

(၂) သက်ဆိုင်သည့် ဦးစားပေးမြီရှင်၏ သဘောတူညီချက်ဖြင့် ပေးချေခြင်းမှအပ အောက်ပါ အကျိုးရလဒ်တစ်ရပ်ရပ်ကို ဖြစ်ပေါ်စေသည့်ကိစ္စရပ်များ -

(ကက) ဦးစားပေးကြွေးမြီမဟုတ်သော ကြွေးမြီတစ်ရပ်ကို ဦးစားပေးကြွေးမြီအစီအစဉ်၌ အခြားနည်းဖြင့် သတ်မှတ်ပေးချေခြင်း သို့မဟုတ်

(ခခ) ဦးစားပေးမြီရှင်တစ်ဦးကို ကြွေးမြီပေးဆပ်သည့် ပမာဏသည် အခြားဦးစားပေး မြီရှင်တစ်ဦးအား ကြွေးမြီပေးဆပ်သည့် ပမာဏထက် ပိုမိုနည်းပါးသော အချိုးအစားဖြင့် ပေးဆပ်ခြင်း။

(ခ) ပုဒ်မခွဲ (ဂ) အရ အဆိုပြုခံရသူမှ အစီရင်ခံစာကို ပြုစုနိုင်ရန် မြီစားသည် အောက်ပါတို့ကို ပေးအပ်ရမည် -

(၁) မြီစားက ၎င်းအဆိုပြုတင်ပြသည့် မိမိဆန္ဒအလျောက် အစီအစဉ်နှင့်စပ်လျဉ်း၍ အခြေခံ အဖြစ် ပြုလုပ်တင်ပြလိုသည့် စာရွက်စာတမ်းများ၊

(၂) လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများအရ သတ်မှတ်ဆင့်ဆိုထားသည့် အချက်အလက်များ ပါဝင်သော မြီစား၏ လုပ်ငန်းကိစ္စဆိုင်ရာ ထုတ်ဖော်ကြေညာချက်၊ ထို့ပြင်

(၃) ဤပုဒ်မအရ တင်ပြသော စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှ ကျိုးကြောင်းဆီလျော်စွာပြုလုပ်သော မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားချက်များ။

(ဂ) မြီစားသည် လူမွဲခံရန် လျှောက်ထားနိုင်သည့် အရည်အချင်းပြည့်စုံကြောင်း အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှယူဆလျှင် ပုဒ်မခွဲ (ခ) အရ စာရွက်စာတမ်းများရရှိပြီးနောက် ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်ခွင့်ပြုသည့်အချိန်ကာလအတွင်း ၎င်း၏အစီရင်ခံစာနှင့်အတူ မိမိသဘောအစီအစဉ်နှင့်စပ်လျဉ်း၍ အဆိုပြုခံရသည့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက အထက်ပါပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသော စာရွက်စာတမ်းများနှင့် ကြေညာချက်များ၏ မိတ္တူများကို မြီရှင်များထံသို့ ပေးရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ရေးသားပို့သည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ၏ အစီရင်ခံစာတွင် အောက်ပါအချက်အလက်များ ပါရှိရမည် -

(၁) မြီစားက ဆန္ဒအလျောက် တင်ပြလာသော အဆိုပြုလွှာပါအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် (ကျိုးကြောင်းဆီလျော်သော) အလားအလာရှိကြောင်း မိမိ၏ ထင်မြင်ယူဆချက်နှင့်

(၂) မြီစား၏ ငွေရေးကြေးရေးအခြေအနေကို ထည့်သွင်းစဉ်းစား၍ မြီစား၏ဆန္ဒအလျောက် တင်ပြလာသော အဆိုပြုလွှာကို ခွင့်ပြုခြင်းသည် မြီစားအား လူမွဲခံစေသည့် အမိန့်ချမှတ်ခြင်းထက် မြီရှင်များအတွက် ကြွေးမြီပြန်လည်ရရှိရန် ပိုမိုကောင်းမွန်သော အလားအလာရှိကြောင်း မိမိ၏ ထင်မြင်ယူဆချက်။

(င) အဆိုပြုခံရသူမှ လျှောက်ထားပါက ဤပုဒ်မနှင့်အညီ အစီရင်ခံစာကို တင်သွင်းရန် သတ်မှတ်ထားသောနေ့ရက်အား တရားရုံးက တိုးမြှင့်သတ်မှတ်ပေးနိုင်သည်။

**မြီရှင်များအစည်းအဝေးကျင်းပရန် ဆင့်ခေါ်ခြင်း**

၂၃၆။ (က) တရားရုံးမှ အခြားနည်းဖြင့် ညွှန်ကြားထားခြင်းမရှိလျှင် အဆိုပြုခံရသူ၏ အစီရင်ခံစာတွင် မြီရှင်များအစည်းအဝေး ကျင်းပမည့်နေ့ရက်၊ အချိန်နှင့် နေရာများကို ဖော်ပြ၍ ခေါ်ယူကျင်းပရမည်။

(ခ) အဆိုပြုခံရသူက လိပ်စာသိရှိသည့် မြီရှင်များအားလုံးကို အစည်းအဝေးသို့ တက်ရောက်ရန် အကြောင်းကြားစာပေးပို့ ဖိတ်ကြားရမည်။

**မြီရှင်များအစည်းအဝေး ဆုံးဖြတ်ချက်များ**

၂၃၇။ (က) ပုဒ်မ ၂၃၆ အရ ဆင့်ခေါ်သော မြီရှင်များအစည်းအဝေးတွင် မြီစားမှတင်သွင်းသော အစီအစဉ်ကို သဘောတူခြင်း ရှိ မရှိ ဆုံးဖြတ်ရမည်။

(ခ) တင်ပြသောအစီအစဉ်ကို ထိုအစည်းအဝေးတွင် မြီစား၏သဘောတူညီချက်ဖြင့် ပြင်ဆင်ချက်များ ပြုလုပ်၍ အတည်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) နှင့်အညီ ပြင်ဆင်ထားသော အစီအစဉ်အပါအဝင် ဤအခန်းအရ မြီစားမှ တင်သွင်းသော အစီအစဉ်အပေါ် ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် မြီရှင်စုစုပေါင်းအရေအတွက်၏ ၅၀ ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက အဆိုပါ အစီအစဉ်ကို ကန့်ကွက်ခြင်းမရှိလျှင် အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

**ဆုံးဖြတ်ချက်များကို တရားရုံးသို့ အစီရင်ခံတင်ပြခြင်း**

၂၃၈။ (က) မြီစား၏အစီအစဉ်အပေါ် မြီရှင်များက ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် အဆိုပြုခံရသူသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ဆုံးဖြတ်ချက်ကို ၎င်းနှင့် လိပ်စာသိရှိသော မြီရှင်များအားလုံးထံသို့ အသိပေး အကြောင်းကြားရမည်၊ ထို့ပြင်

(၂) တရားရုံးသို့လည်း အစီရင်ခံတင်ပြရမည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ပါ အစီရင်ခံစာသည် မြီစား၏အစီအစဉ်ကို အတည်မပြုကြောင်း အစီရင်ခံဖြစ်လျှင် တရားရုံးသည် မြီစားနှင့်စပ်လျဉ်း၍ ထုတ်ဆင့်ထားသော ဆိုင်းငံ့မိန့်ကို ပယ်ဖျက်နိုင်သည်။

**အတည်ပြုခြင်း၏ အကျိုးသက်ရောက်မှုများ**

၂၃၉။ (က) မြီရှင်များက ပြင်ဆင်ချက်ဖြင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပါဘဲဖြစ်စေ မိမိဆန္ဒအလျောက် အစီအစဉ်ကို အတည်ပြုလျှင် ဤပုဒ်မသည် သက်ဆိုင်စေရမည်။

(ခ) အတည်ပြုထားသောအစီအစဉ်သည် အောက်ပါပုဂ္ဂိုလ်များအပေါ် စည်းနှောင်အားရှိစေရမည် -

(၁) (ယင်းအစည်းအဝေးအား ကျင်းပခဲ့ခြင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ထိုသို့ကျင်းပခဲ့ပါက ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်မှတစ်ဆင့် တက်ရောက်ခဲ့ပါက) ဆင့်ခေါ်သော အစည်းအဝေးတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး သို့မဟုတ်

(၂) ၎င်းသည် အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိခဲ့လျှင် တက်ရောက်ခွင့် ရရှိမည့်သူ။

(ဂ) အစီအစဉ်သည် အကျိုးသက်ရောက်မှု ရပ်စဲသည့်အခါ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ ဖော်ပြထားသူထံသို့ အစီအစဉ်အရ ပေးချေရမည့် ကြွေးမြီကို ပေးချေခြင်းမပြုရသေးသည် သာမက ထိုသို့ရပ်စဲသွားမှုသည် အချိန်မစေ့မီ ပြီးဆုံးခြင်းမဟုတ်လျှင် မြီစားသည် အစီအစဉ်အရ ပေးရမည့်ကြွေးမြီကို ယင်းအချိန်မှစတင်၍ ပေးဆပ်ရန်တာဝန် ရှိစေရမည်။

(ဃ) ပုဒ်မ ၂၃၅ အရ မြီရှင်များထံသို့ အဆိုပြုခံရသူက အစီရင်ခံစာကို ပေးပို့ခဲ့သည့်နေ့မှစ၍ ၂၈ ရက်ပြည့်သည့်နေ့ရက်အထိ မြီစားနှင့်စပ်လျဉ်း၍ အတည်ဖြစ်နေသော ဆိုင်းငံ့မိန့်သည် ထိုကာလကုန်ဆုံးသည့်နေ့ရက်မှစတင်၍ အကျိုးသက်ရောက်မှု ရပ်စဲစေရမည်။

**မိမိဆန္ဒအလျောက် အစီအစဉ်ကို အတည်ပြုသည့်ဆုံးဖြတ်ချက်အပေါ် ကန့်ကွက်တင်ပြခြင်း**

၂၄၀။ (က) အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်အရ ပုဒ်မခွဲ (ခ) ပါ ပုဂ္ဂိုလ်များအနက်မှ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများက တရားရုံးသို့ လျှောက်ထားနိုင်သည် -

(၁) ဤအခန်း (၁) နှင့်အညီ မြီရှင်များ၏ သဘောတူညီချက်ကို ရရှိထားသည့် မိမိဆန္ဒအလျောက် အစီအစဉ်တစ်ခုသည် မြီရှင်တစ်ဦးဦး၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊

(၂) ထိုအစီအစဉ်ကို မြီရှင်များက စဉ်းစားဆုံးဖြတ်ခြင်း၊ သဘောတူညီချက် ရယူခြင်းပြုရာတွင် ကြီးစွာသော နည်းလမ်းမကျမှု ရှိခဲ့ခြင်း။

(ခ) ဤပုဒ်မအရ အောက်ဖော်ပြပါတစ်ဦးဦးမှ လျှောက်ထားနိုင်သည် -

(၁) မြီရှင်၊

(၂) မြီစားကိုယ်တိုင် သို့မဟုတ်

(၃) အဆိုပြုခံရသူ။

(ဂ) ပုဒ်မ ၂၃၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အစီရင်ခံစာအား တရားရုံးသို့ တင်ပြသည့်နေ့မှ စတင်၍ ၂၈ ရက် ကျော်လွန်သည့်အခါ သို့မဟုတ် ပုဒ်မ ၂၃၅ အရ အဆိုပြုခံရသူ၏ အစီရင်ခံစာကို မရရှိခဲ့သည့်ကိစ္စ၌ စတင်သိရှိသည့်နေ့မှစတင်၍ ၂၈ ရက် ကျော်လွန်သည့်အခါ ဤပုဒ်မအရ လျှောက်ထားခွင့်မရှိစေရ။

(ဃ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် လျှောက်ထားချက်အပေါ် တရားရုံးမှ ကျေနပ်လျှင် အောက်ပါအရေးယူဆောင်ရွက်မှုများ အနက်မှ တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ချမှတ်နိုင်သည် -

(၁) မြီရှင်များ၏ အတည်ပြုချက်အား ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း၊

(၂) တင်ပြခဲ့သော မူလအဆိုပြုချက် သို့မဟုတ် ပြင်ဆင်အဆိုပြုချက်တစ်ရပ်ကိုပြန်လည် စိစစ်သုံးသပ်နိုင်ရေးအတွက် မြီရှင်များ အစည်းအဝေးကို ထပ်မံခေါ်ယူကျင်းပရန် တစ်စုံတစ်ယောက်အား ညွှန်ကြားခြင်း။

(င) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂) အရ ညွှန်ကြားပြီးနောက် မည်သည့်အချိန်တွင်မဆို မြီစားအနေဖြင့် ပြင်ဆင်အဆိုပြုချက်ကို တင်ပြရန် ရည်ရွယ်ချက်မရှိကြောင်း တရားရုံးက ထင်မြင်ယူဆလျှင် တရားရုံးသည် မြီရှင်များမှ အတည်ပြုခဲ့သော သဘောတူညီချက်များကို ပြန်လည်ရုပ်သိမ်းစေရန် သို့မဟုတ် ရပ်ဆိုင်းစေရန် အမိန့်ချမှတ်နိုင်သည်။

(စ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂) အရ အမိန့်ချမှတ်ရာတွင် ထိုမြီစားနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့သော ဆိုင်းငံ့မိန့်ကို သတ်မှတ်သည့် ကာလအတိုင်းအတာအထိ ဆက်လက် အကျိုးသက်ရောက်စေရန် အမိန့် သို့မဟုတ် ဆိုင်းငံ့မိန့် အသစ်တစ်ရပ်ကို ထည့်သွင်းချမှတ်နိုင်သည်။

(ဆ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၂) နှင့်အညီ အမိန့်ချမှတ်ခြင်း သို့မဟုတ် ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲ (င) အရ မြီရှင်များ၏ ယခင်သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းပြုလုပ်ရာတွင် တရားရုံးသည် အောက်ပါဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သင့်တော်သည်ဟု ထင်မြင်ယူဆသည့် နောက်ဆက်တွဲ ညွှန်ကြားသည့်အမိန့်များ ချမှတ်နိုင်သည် -

(၁) မြီရှင်များက အတည်ပြုထားသည့် အစီအစဉ်အရ ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များနှင့်

(၂) ထိုကိစ္စရပ်များကို ဆောင်ရွက်စဉ်က မြီစားနှင့်ပတ်သက်၍ ဆိုင်းငံ့မိန့်အတည်ဖြစ်နေခဲ့မည်ဆိုပါက ဆောင်ရွက်နိုင်ခဲ့မည်မဟုတ်သော ကိစ္စရပ်များအပေါ် ဆောင်ရွက်ချက်များ။

(ဇ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရမှတစ်ပါး ထိုသဘောတူညီချက်ရရှိရန် ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ထိုသို့ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ နည်းလမ်းမကျမှုတစ်ရပ်ရပ်ကြောင့် ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မြီရှင်များက ပေးခဲ့သော အတည်ပြုချက်သည် ပျက်ပြယ်ခြင်း မရှိစေရ။

**မမှန်မကန် တင်ပြခြင်း**

၂၄၁။ (က) မြီစားသည် အစီအစဉ်အပေါ် မြီရှင်များ၏ သဘောတူညီချက်ရရှိရန်အတွက် -

(၁) မမှန်မကန် တင်ပြခြင်း သို့မဟုတ်

(၂) လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်းပြုလျှင် ၎င်းသည် ဤပုဒ်မပါပြစ်မှုကို ကျူးလွန်ရာ ရောက်သည်။

(ခ) မြီစား၏ အဆိုပြုချက်ကို မြီရှင်များမှ အတည်ပြုခဲ့ခြင်းမရှိသော်လည်း ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် မြီစားအပေါ် အကျိုးသက်ရောက်စေရမည်။

(ဂ) မည်သူမဆို ဤပုဒ်မအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

**တာဝန်ပျက်ကွက်သော မြီစားအား တရားစွဲဆိုခြင်း**

၂၄၂။ (က) အစီအစဉ်ကို မြီရှင်များက အတည်ပြုသည့်အခါ ဤပုဒ်မသည် သက်ဆိုင်စေရမည်။

(ခ) အစီအစဉ်နှင့်စပ်လျဉ်း၍ မြီစားသည် ပြစ်မှုကြောင်းအရ တာဝန်ရှိသည်ဟု တွေ့ရှိရလျှင် အဆိုပြုခံရသူ သို့မဟုတ် ကြီးကြပ်သူသည် အောက်ပါအတိုင်း ချက်ချင်း အရေးယူ ဆောင်ရွက်ရမည် -

(၁) မှတ်ပုံတင်အရာရှိထံသို့ အစီရင်ခံတိုင်ကြားခြင်းနှင့်

(၂) လိုအပ်သည့် သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းအထောက်အထားများကို မှတ်ပုံတင်အရာရှိထံ ပေးအပ်ခြင်းနှင့် လိုအပ်သလို အထောက်အကူပြု ဆောင်ရွက်ပေးခြင်း၊

(၃) လိုအပ်သော အခြားအကူအညီများကိုပေးခြင်း။

**အစီအစဉ်များ သတ်မှတ်ကာလမတိုင်မီ ပြီးဆုံးခြင်း**

၂၄၃။ ဤအခန်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ မြီရှင်များက အတည်ပြုခဲ့သည့် အစီအစဉ်တစ်ရပ်သည် ပုဒ်မ ၂၃၉၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) နှင့်အညီ တာဝန်ရှိသူများအားလုံးနှင့်စပ်လျဉ်း၍ အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိသေးမီ အကျိုးသက်ရောက်မှု ရပ်စဲသွားသည့်အခါ ယင်းအစီအစဉ်သည် သက်မှတ်ကာလ မတိုင်မီ ပြီးဆုံးသွားသည်ဟု မှတ်ယူရမည်။

**အတည်ပြုထားသည့် အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းနှင့် ကြီးကြပ်ခြင်း**

၂၄၄။ (က) အစီအစဉ်ကို မြီရှင်များက ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အတည်ပြုသည့်အခါ ဤပုဒ်မသည် သက်ဆိုင်စေရမည်။

(ခ) အစီအစဉ်နှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များအား လက်ရှိထမ်းဆောင်နေသော အဆိုပြု ခံရသူအား အစီအစဉ်ကြီးကြပ်သူဟု ခေါ်တွင်စေရမည်။

(ဂ) မြီစားကိုယ်တိုင်ဖြစ်စေ၊ မြီရှင်တစ်ဦးဦး သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူတစ်ဦးဦးမှ အစီအစဉ်ကြီးကြပ်သူ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက လျှောက်ထားနိုင်ပြီး တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ချမှတ် နိုင်သည် -

(၁) အစီအစဉ်ကြီးကြပ်သူ၏ ပြုလုပ်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း၊

(၂) အစီအစဉ်ကြီးကြပ်သူအား ညွှန်ကြားခြင်း သို့မဟုတ်

(၃) သင့်လျော်သည်ဟု ထင်မြင်သည့် အခြားအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

(ဃ) အစီအစဉ်ကြီးကြပ်သူသည် အစီအစဉ်အရ ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့်ကိစ္စနှင့် ပတ်သက်၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

(င) တရားရုံးသည် အောက်ပါအခြေအနေများတွင် အစီအစဉ်ကြီးကြပ်သူ၏ နေရာတွင် အစားထိုး ခန့်ထားရန် သို့မဟုတ် လစ်လပ်နေသော အစီအစဉ်ကြီးကြပ်သူနေရာတွင် ခန့်ထားရန် အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် အရည်အချင်းရှိသူအား မည်သည့် အချိန်တွင်မဆို အမိန့်ထုတ်ပြန်၍ ခန့်ထားနိုင်သည် -

(၁) အစီအစဉ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် အခြားတစ်ဦးကို ခန့်ထားရန် သင့်လျော်သည့်အပြင်၊

(၂) တရားရုံး၏ အကူအညီရယူခြင်းမပြုဘဲ ထိုသို့ခန့်ထားမှုတစ်ရပ်ကို ဆောင်ရွက်ရန်အတွက် မသင့်လျော်သည့်အခါ သို့မဟုတ် အခက်အခဲရှိသည့်အခါ သို့မဟုတ် လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်သည့်အခါ။

(စ) အစီအစဉ်ကြီးကြပ်သူ၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်သူ အရေအတွက်ကို တိုးမြှင့်ရန် သို့မဟုတ် ထိုသို့သောလုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်နေသူတစ်ဦးထက်မက ရှိသည့်အနေအထား၌ ထိုသူများအနက်မှ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများကို အစားထိုးခန့်အပ်ရန်အတွက် ပုဒ်မခွဲ (င) တွင် အပ်နှင်းထားသောအာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၂)

## တစ်သီးပုဂ္ဂလ လူမွဲခံယူခြင်းဆိုင်ရာ မှုခင်းများ

### လူမွဲအဖြစ် ခံယူစေသည့် အမိန့်ချမှတ်ပေးရန်လျှောက်လွှာ တင်သွင်းခွင့်ရှိသူ

၂၄၅။ (က) သာမန်လူပုဂ္ဂိုလ်တစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာကို အောက်ပါပုဂ္ဂိုလ်များက တင်သွင်းနိုင်သည် -

(၁) တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်များ၊

(၂) မြီစားကိုယ်တိုင်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသူတစ်ဦးဦးမှ လျှောက်ထားလာသည့်အခါ တရားရုံးသည် မြီစားအား လူမွဲအဖြစ် ခံယူစေသည့်အမိန့် ချမှတ်နိုင်သည်။

### မြီစားဖြစ်သူနှင့်စပ်လျဉ်း၍ လိုအပ်ချက်

၂၄၆။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန်လျှောက်လွှာကို ပုဒ်မ ၂၄၅၊ ပုဒ်မခွဲ (က) နှင့်အညီ လျှောက်ထားရာတွင် မြီစားသည် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးဖြစ်ရမည် -

(၁) နိုင်ငံတော်အတွင်း၌ တရားဝင် နေထိုင်သူ သို့မဟုတ်

(၂) ဤပုဒ်မအရ လျှောက်လွှာတင်သွင်းသည့်နေ့တွင် နိုင်ငံတော်အတွင်း၌ရှိနေသူ သို့မဟုတ်

(၃) လျှောက်လွှာတင်သွင်းသည့်နေ့မှစ၍ လွန်ခဲ့သည့် သုံးနှစ်အတွင်း နိုင်ငံတော်အတွင်း၌ ပုံမှန်နေထိုင်သူ သို့မဟုတ် နေရပ်လိပ်စာရှိသူ သို့မဟုတ် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူ။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူဆိုသည့်စကားရပ်တွင် အောက်ပါကိစ္စတစ်ရပ်ရပ်အား လုပ်ကိုင်နေသူလည်း ပါဝင်စေရမည် -

(၁) အစုစပ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်လုပ်ကိုင်နေသူ သို့မဟုတ်

(၂) ထိုအစုစပ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်အတွက် အေးဂျင့် သို့မဟုတ် မန်နေဂျာအဖြစ် လုပ်ကိုင်နေသူ။

### လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန်လျှောက်လွှာနှင့်စပ်လျဉ်း၍ အခြားသတ်မှတ်ချက်များ

၂၄၇။ (က) လျှောက်လွှာကို တရားရုံး၏ ခွင့်ပြုချက်မရရှိဘဲ ပြန်လည်ရုပ်သိမ်းခြင်း မပြုရ။

(ခ) လျှောက်လွှာမှာ ဤဥပဒေ သို့မဟုတ် နည်းဥပဒေများကို ဆန့်ကျင်နေကြောင်း သို့မဟုတ် အခြားသင့်လျော်သည့်အကြောင်း တစ်ရပ်ရပ်ရှိနေကြောင်း တွေ့ရှိရပြီး သင့်လျော်သည်ဟုလည်း ထင်မြင်လျှင် တရားရုံးသည် အဆိုပါ လျှောက်လွှာကို ပလပ်ခြင်း သို့မဟုတ် ထိုလျှောက်လွှာအရ စွဲဆိုထားမှုကို ဆိုင်းငံ့ထားခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆိုင်းငံ့စေရန် အမိန့်ချမှတ်ရာတွင် သင့်လျော်သည်ဟုထင်မြင်ယူဆသော စည်းကမ်းချက်များကို ထည့်သွင်းသတ်မှတ်နိုင်သည်။

## လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် မြီရှင်များ၏လျှောက်လွှာ

**မြီရှင်များမှ လျှောက်ထားရန် အကြောင်းအချက်များ**

၂၄၈။ (က) ပုဒ်မ ၂၄၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ မြီရှင်တစ်ဦးက တင်သွင်းသောလျှောက်လွှာသည် မြီစားက ပေးဆပ်ရန်တင်ရှိနေသည့် တစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော ကြွေးမြီများနှင့် သက်ဆိုင်စေရမည့်အပြင် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လျှောက်ထားသူ မြီရှင်များသည် မြီစားအပေါ် တင်ရှိနေသော တစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသောကြွေးမြီကို ရရန်ရှိသူ ဖြစ်ရမည်။

(ခ) မြီရှင်တစ်ဦးက တင်သွင်းသောလျှောက်လွှာတွင် ဖော်ပြတောင်းဆိုသော ကြွေးမြီတစ်ရပ်သည် လျှောက်ထားချိန်၌ အောက်ပါအခြေအနေများနှင့် ကိုက်ညီမှသာ တရားရုံးသို့ လျှောက်ထားနိုင်သည် -

(၁) ကြွေးမြီတစ်ရပ်၏ ပမာဏ သို့မဟုတ် ကြွေးမြီများ၏ စုစုပေါင်းပမာဏသည် နည်းဥပဒေများတွင် ဖော်ပြသတ်မှတ်ထားသည့် ပမာဏနှင့်ညီမျှသော သို့မဟုတ် ကျော်လွန်သော ပမာဏရှိလျှင်၊

(၂) ကြွေးမြီ သို့မဟုတ် ကြွေးမြီတစ်ရပ်ချင်းစီသည် လျှောက်ထားသည့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်များအား ချက်ချင်း သို့မဟုတ် သေချာသောအနာဂတ် အချိန်ကာလတစ်ခု၌ ပေးချေရမည့် စာရင်းရှင်းလင်းထားပြီးဖြစ်သော ကြွေးမြီပမာဏတစ်ရပ်အတွက်ဖြစ်လျှင်၊

(၃) ကြွေးမြီသည် ပုဒ်မ ၂၅၁ နှင့် သက်ဆိုင်ခြင်းမရှိသည့် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီဖြစ်လျှင်၊

(၄) ကြွေးမြီ သို့မဟုတ် ကြွေးမြီတစ်ရပ်ချင်းစီသည် မြီစားက ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသော ကြွေးမြီဖြစ်ရမည့်အပြင် ပြန်လည်ပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာလည်းမရှိသည့် ကြွေးမြီဖြစ်လျှင်၊

(၅) ကြွေးမြီ သို့မဟုတ် ကြွေးမြီတစ်ရပ်ချင်းစီနှင့်စပ်လျဉ်း၍ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမည်ဖြစ်ကြောင်း ပုဒ်မ ၂၅၀ အရ ပေးပို့ထားသော အကြောင်းကြားစာကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း မရှိလျှင်။

(ဂ) လျှောက်ထားချိန်၌ မြီစားသည် အောက်ဖော်ပြပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန်လျှောက်လွှာကို မြီရှင်က တရားရုံးသို့ တင်သွင်းနိုင်သည် -

(၁) အပိုင်း (၆) ပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အရ ဆောင်ရွက်ရန် တာဝန်များ သို့မဟုတ်

(၂) အပိုင်း (၈)၊ အခန်း (၁) ပါ မိမိဆန္ဒအလျောက်အစီအစဉ်အရ ဆောင်ရွက်ရန်တာဝန်များ။

**ကြွေးမြီပေးဆပ်နိုင်သည့် အရည်အချင်းမရှိခြင်း၏အဓိပ္ပာယ်**

၂၄၉။ (က) ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ ချက်ချင်းပေးချေရမည့်ကြွေးမြီသည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် အကျုံးဝင်လျှင် မြီစားသည် ထိုကြွေးမြီကို ပြန်လည်ပေးနိုင်သည့် အရည်အချင်းမရှိဟု မှတ်ယူရမည် -

(၁) ပုဒ်မ ၂၅၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမည်ဖြစ်ကြောင်း အကြောင်းကြားစာပေးပို့ခဲ့ပြီးနောက် အနည်းဆုံး ၂၁ ရက် ကုန်လွန်ပြီးသော်လည်း ထိုအကြောင်းကြားစာကို ထိုမြီစားမှ လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အပြင် ယင်းအကြောင်းကြားစာကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ခြင်းလည်း မရှိလျှင် သို့မဟုတ်

(၂) ကြွေးမြီနှင့်စပ်လျဉ်း၍ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လျှောက်ထားသူ မြီရှင်များကို အသာပေးခဲ့သည့် တရားရုံး၏ အမိန့် သို့မဟုတ် စီရင်ချက်အရ ဥပဒေနှင့်အညီ အတည်ပြုရာတွင် အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အတည်ပြုဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြန်လည် တင်ပြလာလျှင်။

(ခ) ကြွေးမြီကို ချက်ချင်းပေးဆပ်နိုင်ခြင်းမရှိသည့်အပြင် ထိုကြွေးမြီကို ရရန်ရှိသော လျှောက်ထားသူ မြီရှင်က မြီစားအပေါ် ပုဒ်မ ၂၅၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာကို ပေးပို့ခဲ့ပြီးနောက် အနည်းဆုံး (၂၁) ရက် ကုန်လွန်ပြီးဖြစ်သော်လည်း ထိုအကြောင်းကြားစာကို မြီစားက လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အပြင် ယင်းအကြောင်းကြားစာကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ခြင်း မရှိလျှင် ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄) ပါ ပြဋ္ဌာန်းချက်အလို့ငှာ ပြန်လည်ပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာမရှိသည့် ကြွေးမြီဖြစ်သည်ဟု မှတ်ယူရမည်။

**လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမည်ဖြစ်ကြောင်း အကြောင်းကြားစာ**

၂၅၀။ (က) အကြောင်းကြားစာတွင် မြီရှင်က အောက်ပါအကြောင်းအရာများကို နည်းဥပဒေတွင် သတ်မှတ်ထားသောပုံစံဖြင့် ရေးသားပေးပို့နိုင်သည် -

(၁) အကြောင်းကြားစာ ပေးပို့သည့်နေ့မှစ၍ ၂၁ ရက်အတွင်း မြီရှင် ကျေနပ်စေရန်အတွက် ကြွေးမြီကို ပေးဆပ်ရန် သို့မဟုတ် အာမခံချက်ပေးရန် သို့မဟုတ် ညှိနှိုင်းရန်၊

(၂) ပေးဆပ်ရန် အချိန်စေ့ရောက်သည့်အခါ ကြွေးမြီကိုပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သည့် အလားအလာရှိကြောင်းကို မြီရှင်အား ကျေနပ်အောင် ဆောင်ရွက်ပေးရန်။

(ခ) အကြောင်းကြားစာကို နည်းဥပဒေများတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ မြီစားအပေါ် ချအပ်ရမည်။

(ဂ) အကြောင်းကြားစာတွင် ဖော်ပြထားသော ကြွေးမြီပမာဏသည် အမှန်တကယ် အချိန်စေ့ ရောက်သော ကြွေးမြီပမာဏထက် ကျော်လွန်နေသော်လည်း ထိုသို့ အလွဲတင်ပြသည်ဆိုသော အချက်ကြောင့် အကြောင်းကြားစာတရားမဝင်ကြောင်း ငြင်းဆိုသည့်ပြန်ကြားစာကို မြီစားက ထိုမြီရှင်ထံသို့ ပြန်လည်ပေးပို့ခြင်းမပြုပါက လူမွဲခံယူခြင်းဆိုင်ရာ အကြောင်းကြားစာသည် အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) လူမွဲခံယူခြင်းဆိုင်ရာ အကြောင်းကြားစာတွင် ဖော်ပြတောင်းဆိုထားသော ကြွေးမြီပမာဏသည် အမှန်တကယ်ကျသင့်သော ပမာဏထက်ကျော်လွန်နေသည့်အပြင် ထိုမြီစားက ထိုမြီရှင်ထံသို့ ပုဒ်မခွဲ (ဂ) နှင့်အညီ အကြောင်းကြားစာပေးပို့ခဲ့ခြင်းမရှိသည့်အနေအထားတွင် ထိုကြွေးမြီကို ပေးဆပ်ရန်အတွက် ခွင့်ပြုထားသောသတ်မှတ်ကာလအတွင်း ပေးဆပ်ရမည့် ကြွေးမြီပမာဏ အမှန်အား အကြောင်းကြားစာတွင် ဖော်ပြခဲ့ပါက မြီစားအနေဖြင့် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ခဲ့လိမ့်မည်ဆိုလျှင် မြီစားသည် ယင်းအကြောင်းကြားစာအား လိုက်နာ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်ဟု မှတ်ယူနိုင်သည်။

(င) သတ်မှတ်ချက်များနှင့်အညီ ပေးပို့သော အကြောင်းကြားစာကို သတ်မှတ်ကာလကုန်ဆုံးခြင်း မရှိမီ ပယ်ဖျက်ပေးရန် လျှောက်ထားလာသည့်အခါ တရားရုံးသည် ထိုအကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန်အတွက် အချိန်ကို တိုးချဲ့သတ်မှတ်ပေးနိုင်သည်။

(စ) သတ်မှတ်ချက်များနှင့်အညီ ပေးပို့သောအကြောင်းကြားစာကို သတ်မှတ်ကာလ မကုန်ဆုံးမီ ပြန်လှန်တောင်းဆိုမှု သို့မဟုတ် ခုနှိမ်မှု သို့မဟုတ် အပြန်အလှန်စွဲဆိုမှုရှိကြောင်း အကြောင်း ပြချက်ဖြင့် ထိုအကြောင်းကြားစာကို ပယ်ဖျက်ပေးရန် မြီစားက တရားရုံးသို့ လျှောက်ထားခဲ့ပြီး

ထိုသတ်မှတ်ကာလ မကုန်ဆုံးမီအတွင်း ယင်းပြန်လှန်တောင်းဆိုမှု သို့မဟုတ် ခုနှိမ်မှု သို့မဟုတ် အပြန်အလှန်စွဲဆိုမှုတစ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးက ဆုံးဖြတ်မပြုသေးသည့်အခါ သတ်မှတ်ထားသောကာလအပါအဝင် တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ပေးသည့် နေ့ရက်အထိ တိုးချဲ့သတ်မှတ်ပေးကြောင်း မှတ်ယူရမည်။

**အာမခံအကျိုးခံစားခွင့်ရှိသောကြွေးမြီ**

၂၅၁။ (က) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မြီရှင်လျှောက်လွှာပါ ကြွေးမြီတစ်ခု သို့မဟုတ် ကြွေးမြီများအနက် တစ်ခုသည် အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီဖြစ်သည်ဟု မမှတ်ယူရ -

(၁) လူမွဲအဖြစ် ခံယူစေသည့်အမိန့်ချမှတ်သည့်ကိစ္စ၌ အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ၎င်း၏အာမခံအကျိုးခံစားခွင့်ကို အခြားမြီရှင်များအားလုံး၏ အကျိုးအတွက် စွန့်လွှတ်ရန် ဆန္ဒရှိကြောင်း ဖော်ပြချက်ပါဝင်သည့် လျှောက်လွှာဖြစ်လျှင် သို့မဟုတ်

(၂) ကြွေးမြီတစ်ရပ်၏ အာမခံအကျိုးခံစားခွင့်ရှိသော အစိတ်အပိုင်းနှင့်စပ်လျဉ်း၍ တောင်းခံခြင်း မဟုတ်ကြောင်း ဖော်ပြထားသည့်အပြင် ထိုကြွေးမြီ၏ အာမခံအကျိုးခံစားခွင့်ရှိသော အစိတ်အပိုင်းအတွက် ပေးထားသောအာမခံနှင့်စပ်လျဉ်း၍ လျှောက်လွှာတင်သွင်းသည့် နေ့ရက်၌ရှိသော ခန့်မှန်းခြေတန်ဖိုးနှင့်စပ်လျဉ်း၍ ထိုသူက ပြုလုပ်သောဖော်ပြချက်ပါရှိသည့် လျှောက်လွှာဖြစ်လျှင်၊

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တွင် အကျုံးဝင်သောကိစ္စ၌ ကြွေးမြီတစ်ရပ်၏ အာမခံအကျိုးခံစားခွင့်ရှိသောကြွေးမြီအစိတ်အပိုင်းနှင့် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီအစိတ်အပိုင်းများသည် ဤဥပဒေပုဒ်မ ၂၄၈ မှ ၂၅၀ ပါ ပြဋ္ဌာန်းချက်များအလို့ငှာ သီးခြားကြွေးမြီများအဖြစ် မှတ်ယူရမည်။

**ဆောလျင်စွာ လျှောက်ထားခြင်း**

၂၅၂။ အကြောင်းကြားစာ ပေးပို့တောင်းခံခဲ့သော ကြွေးမြီနှင့်စပ်လျဉ်း၍ ယင်းကြွေးမြီအားလုံးကို သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို တောင်းဆိုရန် မြီရှင်တစ်ဦးက လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းသည့်ကိစ္စတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် ၎င်းပိုင်ပစ္စည်းများအနက်မှ ပစ္စည်းတစ်ရပ်၏ တန်ဖိုးသည် သတ်မှတ်ကာလအတွင်း၌ သိသာစွာ လျော့နည်းသွားရန် အမှန်တကယ် အလားအလာရှိကြောင်း လျှောက်လွှာတွင် ဖော်ပြပါရှိလျှင် သတ်မှတ်ကာလ ၂၁ ရက် မကုန်ဆုံးမီအတွင်း ထိုလျှောက်ထားချက်ကို တင်သွင်းနိုင်သည်။

**မြီရှင်၏လျှောက်လွှာနှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့်မှုခင်း**

၂၅၃။ (က) ဤပုဒ်မအရ တရားရုံးသို့ တင်သွင်းသည့် မြီရှင်၏လျှောက်လွှာကို နည်းဥပဒေတွင် သတ်မှတ်ထားသော ပုံစံအတိုင်း တင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် ရုံးခွန်ကိုလည်း ထမ်းဆောင်ရမည်။

(ခ) လျှောက်လွှာတွင် ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်နေသောကြွေးမြီကို မြီစားကပေးဆပ်ရန်ရှိကြောင်း ဖော်ပြချက်ကို လျှောက်ထားသည့်မြီရှင် သို့မဟုတ် ကိုယ်စားလှယ်၏ ကျမ်းကျိန်ချက်ဖြင့် တင်ပြရမည်။

(ဂ) အကြောင်းကြားစာကို မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့်အတွက် လျှောက်လွှာတင်သွင်းသည့်အခါ ထိုလျှောက်လွှာနှင့်အတူ အကြောင်းကြားစာကို နည်းလမ်းတကျ ချအပ်ခဲ့ကြောင်းနှင့် မြီစားက လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း သက်သေခံချက်များ ပူးတွဲပါရှိရမည်။

(ဃ) အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် မိမိဆန္ဒအလျောက် အစီအစဉ်တစ်ရပ်ရပ်အရ ဆောင်ရွက်ရမည့် မြီစား၏လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် လူမွဲအဖြစ် ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာကို တင်သွင်းသည့်အခါ လျှောက်လွှာနှင့်အတူ မြီစားမှ မည်သို့မည်ပုံ ပျက်ကွက်ခဲ့ကြောင်း အသေးစိတ်ဖော်ပြချက်အား ထည့်သွင်းဖော်ပြရမည်။

(င) တရားရုံးမှ ထိုလျှောက်လွှာအပေါ် ကြားနာရန်အတွက် ရုံးချိန်းပေးသည့် နေ့ရက်မတိုင်မီ အနည်းဆုံး အလုပ်လုပ်ကိုင်ရက် ၅ ရက်ကြိုတင်၍ နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တရားရုံးသို့ ဤပုဒ်မအရ လျှောက်ထားခဲ့သည့်လျှောက်လွှာအား မှန်ကန်ကြောင်းကျမ်းကျိန်လွှာမိတ္တူ၊ ပုဒ်မ ၂၅၀ အရ အကြောင်းကြားစာတို့နှင့်အတူ မြီစားထံသို့ ပေးပို့ရမည်။

(စ) တင်သွင်းသည့်လျှောက်လွှာပါ ကြွေးမြီသည် အောက်ပါကြွေးမြီတစ်ရပ်ရပ်ဖြစ်ကြောင်း ယုံကြည်ရန်အကြောင်းရှိမှသာလျှင် တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ရမည်-

(၁) ထိုကြွေးမြီသည် လျှောက်လွှာတင်သွင်းသောနေ့တွင် ပေးဆပ်ရန်ရှိသည့် ကြွေးမြီကို ပေးဆပ်ခြင်း သို့မဟုတ် အာမခံတင်သွင်းခြင်း သို့မဟုတ် ညှိနှိုင်းခြင်းမပြုသည့် ကြွေးမြီဖြစ်လျှင် သို့မဟုတ်

(၂) ပြန်လည်ပေးဆပ်ရန် အချိန်ကျရောက်သော်လည်း ထိုမြီစားအနေဖြင့် ယင်းကို ပြန်လည်ပေးဆပ်ရန် ကျိုးကြောင်းဆီလျော်သော အလားအလာမရှိသည့်ကြွေးမြီဖြစ်လျှင်။

(ဆ) ပုဒ်မ ၂၅၂ အရ လျှောက်ထားသည့်ကိစ္စတွင် တရားရုံးသည် အကြောင်းကြားစာချအပ်ပြီးနောက် ၂၁ ရက် မကုန်ဆုံးမီ အချိန်ကာလအတွင်း လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ခြင်း မပြုရ။

(ဇ) မြီစားအနေဖြင့် ၎င်း၏ကြွေးမြီများကို ပြန်လည်ပေးဆပ်လိမ့်မည်ဖြစ်ကြောင်း ကျေနပ်မှုရှိလျှင် သို့မဟုတ် အောက်ပါအခြေအနေများနှင့် ကိုက်ညီကြောင်း ယုံကြည်ကျေနပ်လျှင် တရားရုံးသည် လျှောက်ထားလာသည့် လူမွဲခံယူခြင်းဆိုင်ရာ လျှောက်လွှာကို ပလပ်နိုင်သည် -

(၁) လျှောက်လွှာတွင် ဖော်ပြထားသည့် ကြွေးမြီအတွက် အာမခံချက်ပေးခြင်း သို့မဟုတ် ညှိနှိုင်းခြင်းပြုရန်အတွက် မြီစားသည် ကမ်းလှမ်းချက်တစ်ရပ်ကို ပြုလုပ်ခဲ့ခြင်း၊

(၂) အထက်ပါကမ်းလှမ်းချက်ကို တစ်ဖက်မှသဘောတူလက်ခံခဲ့သဖြင့် လျှောက်ထားမှုကို ပယ်ဖျက်ရန် အမှန်တကယ် လိုအပ်ခြင်းနှင့်

(၃) ထိုကမ်းလှမ်းချက်ကို ကျိုးကြောင်းဆီလျော်မှုမရှိဘဲ မြီရှင်က ငြင်းပယ်ခဲ့ခြင်း။

သို့ရာတွင် တရားရုံးသည် ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအလို့ငှာ မြီစားမှ ၎င်း၏ကြွေးမြီကို ပြန်လည်ပေးဆပ်လိမ့်မည် ဟုတ် မဟုတ် သုံးသပ်ရာ၌ မြီစားထံတွင် တည်ရှိနေဆဲဖြစ်သော ကြွေးမြီများနှင့် ပေါ်ပေါက်လာမည့်တာဝန်ရှိမှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်။

**မြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်လျှင်**

၂၅၄။ (က) လျှောက်ထားခံရသူ မြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ရပ်အား မိမိတစ်ဦးတည်းပိုင်အဖြစ်ဖြစ်စေ၊ အခြားသူများနှင့် အစုစပ်လုပ်ငန်းအဖြစ်ဖြစ်စေ လုပ်ကိုင်သော လုပ်ငန်းရှင်ဖြစ်ကြောင်းပေါ်ပေါက်လျှင် တရားရုံးသည် ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အပိုင်း (၆) လုပ်ငန်းစဉ်တစ်ရပ် စတင်ရန်အတွက် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရ လျှောက်ထားမှုတစ်ရပ်ကို မြီစားကိုယ်တိုင်၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများမှဖြစ်စေ၊ မြီရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများကဖြစ်စေ တရားရုံးသို့ လျှောက်ထားနိုင်သည့်အပြင် ထိုတရားရုံးအနေဖြင့်လည်း သင့်သည်ထင်မြင်သည့်အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က) အရ အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်ရမည် -

(၁) အပိုင်း (၆) လုပ်ငန်းစဉ်အရ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်နေစဉ်ကာလအတွင်းဖြစ်လျှင် ထိုမြီရှင်၏ လျှောက်ထားချက်ကို ရွှေ့ဆိုင်းခြင်း သို့မဟုတ်

(၂) မြီရှင်၏လျှောက်ထားချက်ကို ပလပ်ခြင်း။

**မြီရှင်၏လျှောက်ထားချက်အရ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းကို ခန့်အပ်ခြင်း**

၂၅၅။ (က) မြီရှင်၏လျှောက်ထားမှုကြောင့် လူမွဲအဖြစ်ခံယူစေရန် အမိန့်ကိုချမှတ်ရာတွင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းကိုဖြစ်စေ၊ ဤဥပဒေအပိုင်း (၃) အရ သတ်မှတ်ထားသောအရည်အချင်းရှိသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူကိုဖြစ်စေ ခန့်အပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူသည် -

(၁) ထိုသို့ အဆိုပြုခန့်ထားခြင်းကို လက်ခံကြောင်း စာဖြင့် ရေးသားသဘောတူရမည်ဖြစ်ပြီး ယင်းသို့ သဘောတူကြောင်းကို တရားရုံးသို့ တင်ပြရမည်။

(၂) ထိုသို့ အဆိုပြုခန့်ထားခြင်းမရှိလျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၅၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်ရန်အတွက် ယာယီပစ္စည်းထိန်းအဖြစ် ခန့်ရမည်။

(ဂ) ထိုအမိန့်ကို ချမှတ်ခြင်းမပြုမီ အပိုင်း (၆) လုပ်ငန်းစဉ်ကို လုပ်ဆောင်နေသော လုပ်ငန်းတစ်ရပ်နှင့်စပ်လျဉ်း၍ လူမွဲအဖြစ်ခံယူစေရန် အမိန့်ကိုချမှတ်ရာတွင် တရားရုံးသည် ပြန်လည်ထူထောင်ရေးအကြံပေးကို လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်။ သို့ရာတွင် ထိုသူ၏ သဘောတူညီချက်ရယူခြင်းမပြုဘဲ ခန့်အပ်ခြင်းမပြုရ။

**တရားဝင်ပစ္စည်းထိန်းအဖြစ် ခန့်အပ်ခြင်း**

၂၅၆။ (က) တရားရုံးမှ တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၅၅ အရ ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်ခဲ့လျှင် ၎င်းသည် အောက်ပါကိစ္စရပ်များအလို့ငှာ မြီရှင်များအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည် -

(၁) တရားဝင်ပစ္စည်းထိန်း၏နေရာတွင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ရန် အပိုင်း (၃) ပါ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် အရည်အချင်းရှိသော လူတစ်ဦးကို ရွေးချယ်ရန် သို့မဟုတ်

(၂) ထိုတရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ရန်။

(ခ) လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ပြီးနောက် ၂၁ ရက်ထက် နောက်မကျစေဘဲ ပုဒ်မခွဲ (က) အရ မြီရှင်များအစည်းအဝေးကို ကျင်းပရန် ဆင့်ခေါ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ မြီရှင်များအစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ထိုအစည်းအဝေးကျင်းပမည့်နေ့ရက်မတိုင်မီ အလုပ်လုပ်ကိုင်ရက် ၅ ရက်ထက် နောက်မကျစေဘဲ မြီရှင်များထံသို့ စာဖြင့်ရေးသား၍ နည်းဥပဒေဖြင့် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ အကြောင်းကြားရန်၊

(၂) နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြေညာရန်နှင့်

(၃) နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အစည်းအဝေးကို ကျင်းပဆောင်ရွက်ရန်။

(ဃ) ပုဒ်မခွဲ (က) အရ မြီရှင်များအစည်းအဝေးကို ကျင်းပခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်းသည် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်နိုင်သည်။

(င) ဤပုဒ်မအရ ခန့်အပ်ခြင်းခံရသော တရားဝင်ပစ္စည်းထိန်းသည် လူမွဲပိုင်ပစ္စည်းများ၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်သည့်အခါ -

(၁) ပုဒ်မခွဲ (က) မှ (ဂ) အထိပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်း မရှိစေရ၊ ထို့ပြင်

(၂) တရားရုံးမှ ခန့်အပ်သည့် ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးကဲ့သို့ ၎င်းသည် ပုဒ်မ ၂၆၄ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(စ) တရားဝင်ပစ္စည်းထိန်းသည် ဤပုဒ်မအရ ခန့်အပ်ခြင်းခံရသော လူမွဲပိုင်ပစ္စည်းများ၏ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်သည့်အခါ ၎င်းအား ဤအပိုင်းအရ ခန့်ထားသည့် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် မှတ်ယူရမည်။

## မြီစားမှ လျှောက်ထားခြင်း

**မြီစား၏ လျှောက်လွှာ**

၂၅၇။ (က) မြီစားသည် ကြွေးမြီကို ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိပါက ဤဥပဒေပုဒ်မ ၂၄၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ်ကို လျှောက်ထားတင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တင်သွင်းသည့်လျှောက်လွှာကို သတ်မှတ်ထားသည့်ပုံစံအတိုင်း လျှောက်ထားတင်သွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသော ရုံးခွန်တော်ကိုလည်း ထမ်းဆောင်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ တင်သွင်းသည့်လျှောက်လွှာနှင့်အတူ သတ်မှတ်ထားသည့်အတိုင်း မြီစားသည် မိမိ၏ငွေရေးကြေးရေးအခြေအနေနှင့် မြီရှင်များ၏ အချက်အလက်များအပါအဝင် လုပ်ငန်းအခြေအနေများကိုဖော်ပြသည့် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်းသည့် ထုတ်ဖော်ကြေညာချက်တစ်ရပ်ကို ပူးတွဲတင်ပြရမည်။

(ဃ) မြီစား၏ လျှောက်လွှာပါအချက်အလက်များနှင့် ပူးတွဲတင်ပြထားသော ထုတ်ဖော် ကြေညာချက်တွင်ပါရှိသော အချက်အလက်များသည် မှန်ကန်ကြောင်း ကျမ်းကျိန်လွှာဖြင့် ပူးတွဲတင်ပြရမည်။

**မြီစားမှ လျှောက်ထားနိုင်သည့်အကြောင်းအချက်များ**

၂၅၈။ ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း အကြောင်းပြချက်ဖြင့်သာ မြီစားသည် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

**လျှောက်လွှာအပေါ် အရေးယူဆောင်ရွက်ခြင်း**

၂၅၉။ **လျှောက်လွှာ** အပေါ် ကြားနာပြီးနောက် အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် (မြီစားအား) လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ခြင်း မပြုရ -

(က) မြီစားမှပေးရန်ရှိသော ကြွေးမြီသည် အာမခံအကျိုးခံစားခွင့်မရှိသောကြွေးမြီဖြစ်သည့်အပြင် ထိုကြွေးမြီစုစုပေါင်းသည် ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) အလို့ငှာ သတ်မှတ်ထားသော ပမာဏထက် လျော့နည်းနေလျှင်၊

(ခ) လူမွဲပိုင်ပစ္စည်းများ၏ တန်ဖိုးသည် နည်းဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပမာဏနှင့် ညီမျှသော သို့မဟုတ် ပိုမိုသော ပမာဏရှိလျှင်၊

(ဂ) ဤလျှောက်လွှာကိုတင်သွင်းသည့်နေ့မှစ၍ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း မြီစားသည် လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ခံရဖူးခြင်း မရှိသည့်အပြင် ကြွေးမြီများပေးဆပ်ရန် ၎င်း၏ မြီရှင်များနှင့် ညှိနှိုင်းသဘောတူညီချက် ရယူဆောင်ရွက်ခဲ့လျှင်၊

(ဃ) မြီစားသည် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခု၏ ပိုင်ရှင်တစ်ဦးဖြစ်ပြီး ဤဥပဒေ၏ အပိုင်း (၆) အရ လုပ်ငန်းစဉ်မှာ ပြီးပြတ်ခြင်း မရှိသေးလျှင်။

## ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်း ခန့်အပ်ခြင်း

၂၆၀။ (က) မြီစားတစ်ဦး၏ လျှောက်ထားချက်အရ လူမွဲအဖြစ်ခံယူစေရန် အမိန့်ချမှတ်ရာတွင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် အရည်အချင်းရှိသူတစ်ဦးအား ထိုလူမွဲပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူသည် -

(၁) ထိုသို့အဆိုပြုခန့်ထားခြင်းကို လက်ခံကြောင်း စာဖြင့် ရေးသားသဘောတူရမည်ဖြစ်ပြီး ယင်းသို့ သဘောတူကြောင်းကို တရားရုံးသို့ တင်ပြရမည်။

(၂) ထိုသို့အဆိုပြုခန့်ထားခြင်းမရှိလျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား အောက်ပါ ပုဒ်မခွဲများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပ နိုင်ရန်အတွက် ယာယီပစ္စည်းထိန်းအဖြစ် ခန့်ရမည်။

(ဂ) ထိုအမိန့်ကို ချမှတ်ခြင်းမပြုမီ အပိုင်း (၆) လုပ်ငန်းစဉ်ကို လုပ်ဆောင်နေသော လုပ်ငန်း တစ်ရပ်နှင့်စပ်လျဉ်း၍ လူမွဲအဖြစ်ခံယူစေရန် အမိန့်ကိုချမှတ်ရာတွင် တရားရုံးသည် ပြန်လည် ထူထောင်ရေးအကြံပေးကို လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ပြောင်းလဲခန့်အပ်နိုင်သည်။

(ဃ) ပုဒ်မ ၂၅၅ အရ တရားဝင်ပစ္စည်းထိန်းကို ခန့်အပ်သည့်အခါ ပုဒ်မ ၂၅၅ အစား ပုဒ်မ ၂၅၆ သည် သက်ဆိုင်စေရမည်။

## မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ မဟုတ်သော မြီစားများ

## မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းမဟုတ်သော မြီစားများနှင့်စပ်လျဉ်း၍ လျှောက်ထားမှုများ

၂၆၁။ (က) မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ရပ်မဟုတ်သူ မြီစားတစ်ဦးနှင့်စပ်လျဉ်း၍ တရားရုံးသို့ လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ်တင်သွင်းရာတွင် တရားရုံးသည် အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) မြီစားအနေဖြင့် ငွေကြေးဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု ခံယူစေရန်၊

(၂) အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူတစ်ဦးအဖြစ် ဆောင်ရွက်ရန် အရည် အချင်းရှိသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ဤအပိုင်း၏ အခန်း (၁) အရ အဆိုပြု ခံရသူအဖြစ် ခန့်အပ်ရန်နှင့် ဤအပိုင်းအရ သင့်တော်သည်ဟု ထင်မြင်ယူဆသော အခြားအမိန့်များကို ချမှတ်ရန်၊

(၃) ပုဒ်မ ၂၆၂ အရ မြီစားအား မြီရှင်များနှင့် စေ့စပ်ဖျန်ဖြေစေရန်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ် ချမှတ်သည့်အခါ သင့်တော်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း တရားရုံးသည် ထိုလျှောက်ထားချက်ကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် မြီရှင်၏ လျှောက်ထားချက်ကို ပလပ်ခြင်းပြုနိုင်သည်။

**စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်ခြင်း**

၂၆၂။ မြီစားသည် ကြွေးမြီကို ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိကြောင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိတန်ရာကြောင်း မိမိကိုယ်မိမိထင်မြင်ယူဆသည့်အခါ စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်၍ အောက်ပါကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်သည် -

(က) ၎င်း (မြီစား) မှ ပေးဆပ်ရန် ပေါ်ပေါက်နေသော ကြွေးမြီ သို့မဟုတ် ကြွေးမြီများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်ရပ်ရပ်ကို စေ့စပ်ဖျန်ဖြေခြင်း သို့မဟုတ်

(ခ) ဤအပိုင်း၏ အခန်း (၁) ပါ ပြဋ္ဌာန်းချက်များအရ မိမိဆန္ဒအလျောက် အစီအစဉ်ပြုလုပ်ရန်အတွက် မြီရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုကို အထောက်အကူပေးခြင်း။

**ဆိုင်းငံ့မိန့်**

၂၆၃။ (က) ပုဒ်မ ၂၆၂ အရ စေ့စပ်ဖျန်ဖြေသူအား ခန့်အပ်ခဲ့သည့် မြီစား၏ လျှောက်ထားချက်အရ တရားရုံးသည် အောက်ပါအရေးယူဆောင်ရွက်ချက်များကို ရပ်ဆိုင်းထားစေရန်အတွက် ဆိုင်းငံ့မိန့်တစ်ရပ်ချမှတ်နိုင်သည် -

(၁) တစ်စုံတစ်ဦးက မြီစားထံတွင် တင်ရှိနိုင်သော သို့မဟုတ် အခိုင်အမာ တောင်းဆိုထားသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ထိုသူက မြီစားအပေါ် အမှုတစ်ရပ်ရပ် စတင်တရားစွဲဆိုခြင်း သို့မဟုတ် စွဲဆိုထားသောအမှုကို ဆက်လက်ဆောင်ရွက်ခြင်းမှ တားမြစ်ခြင်း၊

(၂) မြီစားအပေါ်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းမှ တားမြစ်ခြင်း၊

(၃) မြီစားပိုင်ပစ္စည်းတွင် ရရှိထားသော အာမခံအကျိုးခံစားခွင့်တစ်ရပ်ရပ်ကို အတည်ပြု ဆောင်ရွက်ရန်အတွက် တစ်စုံတစ်ဦးက အရေးယူဆောင်ရွက်ခြင်းအား တားမြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သော ဆိုင်းငံ့မိန့်တစ်ရပ်တွင် ယင်းအမိန့် အကျိုးသက်ရောက်စေရမည့် အချိန်ကာလတစ်ရပ်ကို သတ်မှတ်ဖော်ပြရမည်။ သို့ရာတွင် ထိုသတ်မှတ်ကာလသည် ထိုအမိန့်ကို ချမှတ်သည့်နေ့ရက်မှစ၍ ၂၈ ရက်ထက်ကျော်လွန်ခြင်း မရှိစေရ။

(ဂ) ဤပုဒ်မအရ ချမှတ်သော ဆိုင်းငံ့ကာလကို တရားရုံးသည် ထိုမြီစား၏ လျှောက်ထားချက်အရ နောက်ထပ်၂၈ ရက်အထိ တိုးချဲ့သတ်မှတ်ပေးနိုင်သည်။ သို့ရာတွင် ထိုမြီစားက ထိုသို့ လျှောက်ထားမည်ဖြစ်ကြောင်း မြီရှင်တစ်ဦးချင်းစီထံသို့ အကြောင်းကြားစာပေးပို့ခဲ့ကြောင်းနှင့် အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိနေကြောင်း တရားရုံးသည် ယုံကြည်ကျေနပ်မှသာ ထိုသို့ အချိန်တိုးချဲ့သတ်မှတ်သည့်အမိန့်ကို ချမှတ်ပေးရမည် -

(၁) ထိုသို့ သက်တမ်းတိုးခြင်းကို မည်သည့်မြီရှင်ကမျှ ကန့်ကွက်မှု မရှိလျှင် သို့မဟုတ်

(၂) ဆိုင်းငံ့မိန့်၏ သက်တမ်းတိုးပေးရန် လျှောက်ထားချက်အပေါ် တင်သွင်းခဲ့သော ကန့်ကွက်ချက် (ရှိလျှင်) ကို ငြင်းပယ်သင့်ကြောင်း တရားရုံးက ထင်မြင်ယူဆလျှင်။

(ဃ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်တစ်ရပ်ကို လက်ခံရရှိသည့် တရားရုံးသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်သည် -

(၁) စေ့စပ်ဖျန်ဖြေရာ၌ ပါဝင်ခြင်းမရှိသည့်မြီရှင်များအပါအဝင် မြီရှင်အားလုံးအပေါ် ထိုအမိန့်၏ အကျိုးသက်ရောက်မှု၊

(၂) ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ စေ့စပ်ဖျန်ဖြေခြင်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှု အလားအလာများနှင့်

(၃) စေ့စပ်ဖျန်ဖြေခြင်း အောင်မြင်စွာ ဆောင်ရွက်နိုင်မှုအလားအလာများနှင့်စပ်လျဉ်း၍ စေ့စပ် ဖျန်ဖြေသူက တင်ပြသည့် ထင်မြင်ယူဆချက်။

(ဂ) ဤပုဒ်မအရ ဆိုင်းငံ့မိန့်ချမှတ်ပြီးနောက် ထိုမြီစားသည် မြီရှင်တစ်ဦးချင်းစီထံသို့ ထိုအမိန့်၏ မိတ္တူကို ချက်ချင်းပေးပို့ရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ပြီးကြောင်း အကြောင်းကြားစာ**

၂၆၄။ (က) လူမွဲအဖြစ် ခံယူစေသည့်အမိန့်မိတ္တူရရှိသည်နှင့်တစ်ပြိုင်နက် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ခန့်အပ်ခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) ထိုသို့ခန့်အပ်ထားကြောင်းကို နေရပ်လိပ်စာသိရှိသည့် မြီရှင်များထံသို့ အကြောင်းကြားစာ ပေးပို့ရန်နှင့်

(၂) ထိုသို့ ခန့်အပ်ထားကြောင်းကို နည်းဥပဒေဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြေညာခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သော အကြောင်းကြားစာ သို့မဟုတ် ကြေညာစာတွင် အောက်ပါ သတင်းအချက်အလက်များ ပါရှိရမည် -

(၁) လူမွဲ၏ အမည်နှင့် နေရပ်လိပ်စာ၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(၃) ယုံမှတ်အပ်နှံခြင်းခံရသူနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(၄) နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အခြားအချက်အလက်များ။

## လူမွဲဖြစ်မှုစတင်ခြင်းနှင့်ရပ်စဲခြင်း

**လူမွဲဖြစ်မှုစတင်ခြင်းနှင့် အကျိုးသက်ရောက်ခြင်း**

၂၆၅။ သာမန်လူပုဂ္ဂိုလ်တစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်သည့်အခါ ထိုသူနှင့် စပ်လျဉ်း၍ လူမွဲဖြစ်မှုသည် -

(က) ထိုအမိန့်ကို ချမှတ်သည့်နေ့မှစတင်၍ စတင်ရမည်ဖြစ်သည့်အပြင်၊

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ ထိုသူအား လူမွဲဖြစ်မှုရပ်စဲသည့်အချိန်ကာလအထိ ဆက်လက် အကျိုးသက်ရောက်စေရမည်။

**လူမွဲဖြစ်မှု အချိန်ကာလ**

၂၆၆။ (က) ထိုတရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် သာမန်လူပုဂ္ဂိုလ်တစ်ဦး၏ လူမွဲဖြစ်မှုသည် ၎င်းအပေါ် လူမွဲအဖြစ် ခံယူစေသည့်အမိန့် ချမှတ်သည့်နေ့ရက်မှစတင်၍ နောက်သုံးနှစ်တာကာလ ကုန်ဆုံးသည့်နေ့ရက်တွင် ရပ်စဲစေရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူက ပုဒ်မ ၂၇၄ အရ ဆောင်ရွက်သည့် လူမွဲ၏အပြုအမူနှင့် အရေးအရာကိစ္စရပ်များကို စုံစမ်းစစ်ဆေးခြင်းသည် မလိုအပ်ကြောင်း သို့မဟုတ် ပြီးဆုံးပြီ ဖြစ်ကြောင်းကို သတ်မှတ်ကာလမကုန်ဆုံးမီ တရားရုံးသို့ အကြောင်းကြားတင်ပြလာသည့်အခါ ယင်းသို့တင်ပြသည့်အချိန်မှစ၍ လူမွဲဖြစ်မှုရပ်စဲစေရမည်။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ပုဒ်မခွဲ (က) ၌ သတ်မှတ်ဖော်ပြထားသော အချိန်ကာလသည် -

(၁) သီးခြားအချိန်ကာလတစ်ရပ် ကုန်ဆုံးသည့်အခါ သို့မဟုတ်

(၂) သီးခြားကိစ္စတစ်ရပ် ပြီးမြောက်သည့်အခါ ရပ်စဲစေရမည်ဟု တရားရုံးက အမိန့်ချမှတ် နိုင်သည်။

(ဃ) လူမွဲသည် ဤအပိုင်းတွင် ပြဋ္ဌာန်းထားသောတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်နေကြောင်း သို့မဟုတ် ပျက်ကွက်ခဲ့ကြောင်း ကျေနပ်မှုသာလျှင် တရားရုံးသည် အထက်ပါ ပုဒ်မခွဲ (ဂ) အရ အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

(င) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြပါရှိသော **ကိစ္စ** ဆိုသော စကားရပ်တွင် တစ်စုံတစ်ရာကို တရားရုံးက ယုံကြည်ကျေနပ်၍ သတ်မှတ်ထားသော ကိစ္စလည်း ပါဝင်စေရမည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် လူမွဲအဖြစ်ခံယူစေရန် အမိန့်ကို ပယ်ဖျက်ရန် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

**လူမွဲအဖြစ်မှ ကင်းလွတ်ခွင့်ပေးခြင်း၏ အကျိုးသက်ရောက်မှုများ**

၂၆၇။ (က) လူမွဲတစ်ဦးအဖြစ်မှ ရပ်စဲသည့်အခါ လူမွဲပိုင်ပစ္စည်းအပေါ်တွင် ဆန့်ကျင်သက်သေပြနိုင်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များအားလုံးနှင့်စပ်လျဉ်း၍ တာဝန်သည် ရပ်စဲစေရမည်။ သို့ရာတွင် အောက်ပါကိစ္စရပ်များအပေါ် အကျိုးသက်ရောက်မှု မရှိစေရ။ လူမွဲဖြစ်မှုမှ ရပ်စဲသွားသော်လည်း အောက်ပါကိစ္စရပ်များအပေါ် အကျိုးသက်ရောက်မှု မရှိစေရ -

(၁) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်ရှိသော ယုံမှတ်အပ်နှံခြင်း ခံရသူ၏ လုပ်ငန်းတာဝန်များ၊

(၂) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်းလုပ်ငန်းတာဝန်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ချက်များ။

(ခ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ယင်းလူမွဲမှုခင်းတွင် အကျုံးဝင်သည့် ကြွေးမြီတစ်ရပ်ရပ်အတွက် သက်သေပြသနိုင်သည့် မြီရှင်များ၏ အခွင့်အရေးများအပေါ် ထိခိုက်ခြင်း မရှိစေရ။

(ဂ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် အာမခံအကျိုးခံစားခွင့်ရမြီရှင်က ၎င်း၏ကြွေးမြီ ပြန်လည်ရရှိရေး အတွက် အာမခံပစ္စည်းကို အတည်ပြုဆောင်ရွက်နိုင်သည့်အခွင့်အရေးကို ထိခိုက်ခြင်း မရှိစေရ။

(ဃ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ၎င်းက ပူးပေါင်းကျူးလွန်သော လိမ်လည်မှု သို့မဟုတ် မရိုးမဖြောင့်သောသဘောဖြင့် ယုံမှတ်အပ်နှံရေးဖောက်ဖျက်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ၎င်းက ပေးရန်ရှိသော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့် မရှိစေရ။

(င) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ထိုလူမွဲအပေါ် တရားရုံးအာမခံအရ တာဝန်ရှိမှု သို့မဟုတ် ပြစ်မှုကျူးလွန်သည့်အတွက် တပ်ရိုက်သည့် ဒဏ်ကြေးငွေတစ်ရပ်နှင့်စပ်လျဉ်း၍ တာဝန်ရှိမှုမှ ကင်းလွတ်ခွင့် မရရှိစေရ။

(စ) တရားရုံးမှ ညွှန်ကြားသတ်မှတ်နိုင်သည့်အတိုင်းအတာနှင့် စည်းကမ်းချက်များအရမှတစ်ပါး မြီစားဖြစ်သူအား လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် အောက်ပါကြွေးမြီ သို့မဟုတ် တောင်းဆိုမှု တစ်ရပ်ရပ်အပေါ် ပေးရန်တာဝန်မှ ကင်းလွတ်ခွင့် မရှိစေရ -

(၁) တမင်ပေါ့ဆစွာပြုလုပ်မှု၊ စိတ်ပြိုငြင်စေမှု သို့မဟုတ် ဥပဒေအရဖြစ်စေ၊ ပဋိညာဉ်အရဖြစ်စေ သို့မဟုတ် အခြားတာဝန်တစ်ရပ်အရဖြစ်စေ ချိုးဖောက်မှုတစ်ခုခုကြောင့် ပေးရမည်ဖြစ်သော နစ်နာကြေးများ သို့မဟုတ် လူပုဂ္ဂိုလ်ဆိုင်ရာ ထိခိုက်နစ်နာမှုနှင့်စပ်လျဉ်း၍ နစ်နာကြေးများ ပေးရန်တာဝန်တွင်ပါဝင်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု၊

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လူမွဲဖြစ်သူက အရွယ်မရောက်သေးသူ သားသမီးများအတွက် ထောက်ပံ့ကြေးပေးရန် ချမှတ်ထားသောအမိန့်တစ်ရပ်ရပ်အရ ပေါ်ပေါက်လာသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု။

(ဆ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ထိုလူမွဲဖြစ်သူအပေါ် နည်းဥပဒေတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အတိုင်း ၎င်း၏လူမွဲခံယူခြင်းဆိုင်ရာမှုခင်းတွင် သက်သေပြနိုင်သော ကြွေးမြီများ မဟုတ်သည့် အခြားလူမွဲခံယူခြင်းဆိုင်ရာမှုခင်းများမှ ကြွေးမြီများကို ပေးဆပ်ရန်တာဝန်မှ ကင်းလွတ်စေခြင်း မရှိစေရ။

(ဇ) လူမွဲအဖြစ်မှ ရပ်စဲသည့်အခါ လူမွဲဖြစ်သူမှအပ လူမွဲဖြစ်မှုနှင့်ပတ်သက်နေသည့် အခြားသူ သို့မဟုတ် လူမွဲအတွက် အာမခံသူအဖြစ်ဆောင်ရွက်ခဲ့သူ သို့မဟုတ် အာမခံသူတစ်ဦး

တစ်ယောက်ကဲ့သို့ တာဝန်ယူခဲ့သူတစ်ဦးအနေဖြင့် ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် တာဝန်များမှ ကင်းလွတ်ခွင့် မရှိစေရ။

(စ) ဤပုဒ်မတွင် ဖော်ပြထားသော လူပုဂ္ဂိုလ်ဆိုင်ရာ ထိခိုက်နစ်နာမှုဆိုရာတွင် သေဆုံးစေခြင်း သို့မဟုတ် ရောဂါတစ်ရပ်ရပ်ကို စွဲကပ်စေခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအခြေအနေကို ချို့ယွင်းပျက်စီးစေခြင်းလည်း ပါဝင်စေရမည်။

**လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သော တရားရုံး၏အာဏာ**

၂၆၈။ (က) သက်သေခံချက်အသစ်တစ်ရပ်ရပ်အရ အောက်ပါအကြောင်းအချက်တစ်ရပ်ရပ် ပေါ်ပေါက်လျှင် တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သည် -

(၁) ယင်းအမိန့်ချမှတ်ခဲ့စဉ်က ထိုအမိန့်ကို ချမှတ်ရန်မသင့်ကြောင်း ထင်ရှားစေသည့် အကြောင်းအချက်တစ်ရပ်ရပ် တည်ရှိခဲ့ကြောင်း သို့မဟုတ်

(၂) ထိုလူမွဲပိုင်ပစ္စည်းများအပေါ်တွင် သက်သေပြနိုင်သော ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများနှင့် လူမွဲခံယူခြင်းဆိုင်ရာ ကုန်ကျစရိတ်များအားလုံးကို ပေးဆပ်ပြီးကြောင်း သို့မဟုတ် ထိုအမိန့်ကိုချမှတ်စဉ်က တရားရုံးမှ ကျေနပ်သည်အထိ အာမခံချက်ပေးထားခဲ့ကြောင်း။

(ခ) လူမွဲအဖြစ်မှ ရပ်စဲပြီးသည်ဖြစ်စေ၊ ရပ်စဲခြင်းမပြုမီဖြစ်စေ တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သည်။

(ဂ) တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်သည့်အခါ -

(၁) တရားရုံး သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ဤအပိုင်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ လူမွဲပိုင်ပစ္စည်းများကို ရောင်းချမှု သို့မဟုတ် အခြားနည်းလမ်းအရ စီမံခန့်ခွဲမှု သို့မဟုတ် ပေးချေမှု သို့မဟုတ် နည်းလမ်းတကျဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။

(၂) သို့ရာတွင် အထက်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ လူမွဲပိုင်ပစ္စည်းတစ်ရပ်ရပ်အား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ အပ်နှင်းထားရှိခဲ့လျှင် ထိုပစ္စည်းကို တရားရုံးက ခန့်ထားသည့်သူထံသို့ဖြစ်စေ၊ ထိုသို့ခန့်ထားခြင်းမရှိခဲ့လျှင် လူမွဲဖြစ်သူထံသို့ဖြစ်စေ တရားရုံးက ညွှန်ကြားသည့်အတိုင်း သင့်တော်သည်ဟုထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်အပ်နှင်းရမည်။

## အခန်း (၃)

## လူမွဲပိုင်ပစ္စည်းများအား ကာကွယ်ပေးခြင်းနှင့် လူမွဲ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးခြင်း

**လူမွဲပိုင်ပစ္စည်းများ**

၂၆၉။ (က) ဤအပိုင်း (၈) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ လူမွဲပိုင်ပစ္စည်းများတွင် အောက်ပါပစ္စည်းများ ပါဝင်ရမည် -

(၁) လူမွဲဖြစ်မှုစတင်ချိန်တွင် လူမွဲက ပိုင်ဆိုင်သော သို့မဟုတ် ၎င်းထံတွင် ဆက်ခံပိုင်ဆိုင်သော ပစ္စည်းများအားလုံး၊

(၂) ဤမှနောက်တွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များအရ ထိုပစ္စည်းများတွင် ပါဝင်သည်ဟု သတ်မှတ်ထားသော ပစ္စည်းများအားလုံး သို့မဟုတ် ပုဒ်မခွဲငယ် (၁) အတွင်း ကျရောက်သည်ဟု မှတ်ယူထားသော ပစ္စည်းများအားလုံး။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော လူမွဲပိုင်ပစ္စည်းများတွင် ဤဥပဒေအရ သတ်မှတ်ထားသည့် ဖယ်ထုတ်ရမည့်ပစ္စည်းများ ပါဝင်ခြင်း မရှိစေရ။

(ဂ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ လူမွဲပိုင်ပစ္စည်းများတွင် လူမွဲမဟုတ်သော အခြားသူတစ်ဦးတစ်ယောက်၏ အခွင့်အရေးများ ပါရှိလျှင် ယင်းတို့ကို ထိခိုက်စေခြင်း မရှိစေရ။

သို့ရာတွင် မြီးစားအား လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာနှင့်အတူ ဤဥပဒေ ပုဒ်မ ၂၅၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ သတ်မှတ်ထားသော ဖော်ပြချက်ပါ အခွင့်အရေးများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**လူမွဲပိုင်ပစ္စည်းများအား စီမံခန့်ခွဲခြင်းအပေါ် ကန့်သတ်ချက်များ**

၂၇၀။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာ တင်သွင်းသည့်နေ့မှစ၍ ဤအခန်း (၄) ပါ ပြဋ္ဌာန်းချက်များအရ ယုံမှတ်အပ်နှံခြင်းခံရသူ၏ လက်ဝယ်သို့ လူမွဲပိုင်ပစ္စည်းများအား လွှဲပြောင်းအပ်နှံပြီးသည်အထိ သက်ဆိုင်စေရမည်။

(ခ) တစ်ဦးတစ်ယောက်အား လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ရာတွင် ဤပုဒ်မ၌ ဖော်ပြ ထားသည့်အချိန်ကာလအတွင်း လူမွဲဖြစ်သူမှ ၎င်းပိုင်ပစ္စည်းအား စီမံခန့်ခွဲခြင်းသည် တရားရုံး၏ ခွင့်ပြုချက် သို့မဟုတ် တရားရုံးက အတည်ပြုပေးခဲ့သော အတိုင်းအတာအထိမှတစ်ပါး ပျက်ပြယ်စေရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များသည် လူမွဲပိုင်ပစ္စည်းများအား စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင် သကဲ့သို့ ငွေပေးချေမှုများနှင့်လည်း သက်ဆိုင်စေရမည့်အပြင် ငွေပေးချေမှုတစ်ရပ်သည် ယင်းပုဒ်မခွဲအရ ပျက်ပြယ်သည့်အခါ ထိုပေးချေမှုကို လက်ခံရယူထားသူသည် ယင်းသို့ ပေးချေ ခဲ့သောငွေပမာဏကို လူမွဲပိုင်ပစ္စည်းများ၏ အစိတ်အပိုင်းအဖြစ် ထိန်းသိမ်းထားရှိရမည်။

(ဃ) အထက်ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်ကို ဆန့်ကျင်၍ ကုစားမှုပေးသည်ဟု မှတ်ယူခြင်းမပြုရ -

(၁) လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန်လျှောက်လွှာတင်သွင်းပြီးနောက် လူမွဲဖြစ်မှုစတင်ခြင်း မပြုမီ ထိုသို့ လျှောက်လွှာတင်သွင်းထားခြင်းကို တစ်စုံတစ်ဦးက မသိရှိဘဲ သဘောရိုးဖြင့် တန်ရာတန်ကြေးပေးကာ ရယူခဲ့သောပစ္စည်း သို့မဟုတ် ငွေပေးချေမှုတစ်ရပ်ရပ်၊

(၂) ဤပုဒ်မခွဲအရ ကုစားခွင့်မရှိသောပစ္စည်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်တစ်ရပ်ရပ်။

(င) လူမွဲဖြစ်မှုစတင်ပြီးနောက် လူမွဲက ဘဏ် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်ထံမှ ကြွေးမြီ ရယူခဲ့ရာတွင် ယင်းသို့ရယူမှုမှာ ဤပုဒ်မအရ ပျက်ပြယ်သော ပေးချေမှုကြောင့်ဖြစ်သော်လည်း ထိုကြွေးမြီမှာ အောက်ပါအခြေအနေတစ်ရပ်အရဖြစ်လျှင် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ ထိုကြွေးမြီကို လူမွဲဖြစ်မှုစတင်ခြင်းမပြုမီတင်ရှိသော ကြွေးမြီဖြစ်ကြောင်း မှတ်ယူရမည် -

(၁) ကြွေးမြီရယူစဉ်က ထိုမြီစားမှာ လူမွဲဖြစ်ကြောင်းကို ထိုဘဏ် သို့မဟုတ် ထိုသူက မသိရှိခဲ့လျှင် သို့မဟုတ်

(၂) ထိုပေးချေမှုကို လက်ခံခဲ့သူထံမှ ထိုငွေပမာဏကို ပြန်လည်ရရှိရန်မှာ ကျိုးကြောင်းဆီလျော်မှု မရှိခြင်း မဟုတ်လျှင်။

(စ) ပစ္စည်းတစ်ရပ်သည် လူမွဲပိုင်ပစ္စည်း မဟုတ်လျှင် သို့မဟုတ် လူမွဲပစ္စည်းတွင် ပါဝင်ခြင်းမရှိလျှင် ထိုပစ္စည်းများကို စီမံခန့်ခွဲခြင်းသည် ဤပုဒ်မအရ ပျက်ပြယ်စေရမည်။ သို့ရာတွင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ အခြားသူတစ်ဦးတစ်ယောက်အတွက် ယုံကြည်အပ်နှံထားသော လူမွဲ၏လက်ဝယ်ရှိ ပစ္စည်းအား တစ်ဦးတစ်ယောက်က စီမံခန့်ခွဲမှုကို ထိခိုက်စေခြင်းမရှိစေရ။

**မှုခင်းများနှင့် ကုစားခွင့်များပေးခြင်းအပေါ် ကန့်သတ်ချက်များ**

၂၇၁။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ်ချမှတ်ပြီးနောက် လူမွဲပိုင်ပစ္စည်းအပေါ် သက်သေ ထင်ရှားပြသနိုင်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်နှင့်စပ်လျဉ်း၍ မည်သည့် မြီရှင်ကမျှ အောက်ပါကိစ္စများကို ဆောင်ရွက်ခြင်းမပြုရ -

(၁) ထိုကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို လူမွဲဖြစ်သူအပေါ် သို့မဟုတ် ၎င်းပိုင်ပစ္စည်းအပေါ် ကုစားမှု တောင်းခံပိုင်ခွင့် သို့မဟုတ်

(၂) လူမွဲအဖြစ်မှ ရပ်စဲခြင်းမပြုမီ တရားရုံး၏ခွင့်ပြုချက်အရနှင့် ယင်းက သတ်မှတ်သည့် စည်းကမ်းများနှင့်အညီမှတစ်ပါး လူမွဲအပေါ် အရေးယူဆောင်ရွက်ချက် သို့မဟုတ် ဥပဒေဆိုင်ရာ မှုခင်းဆောင်ရွက်ချက်တစ်ရပ်ရပ် စတင်ဆောင်ရွက်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် အာမခံအကျိုးခံစားခွင့်ရမြီရှင်တစ်ဦးက အာမခံပစ္စည်းအား အတည်ပြုဆောင်ရွက်နိုင်သည့်အခွင့်အရေးကို ထိခိုက်စေခြင်း မရှိစေရ။

(ဂ) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ်အရ မှုခင်းကို ဆက်လက်ဆောင်ရွက်နေစဉ်ကာလအတွင်း မည်သည့်အချိန်တွင်မဆို သို့မဟုတ် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပြီးနောက်ပိုင်း မည်သည့်အချိန်တွင်မဆို တရားရုံးသည်လူမွဲအပေါ် သို့မဟုတ် ၎င်းပိုင်ပစ္စည်းအပေါ် ဆောင်ရွက်နေသည့် အရေးယူဆောင်ရွက်မှု သို့မဟုတ် ဒီကရီအတည်ပြုမှု သို့မဟုတ် အခြားသော ဥပဒေဆိုင်ရာမှုခင်းဆောင်ရွက်မှု တစ်ရပ်ရပ်ကို ဆိုင်းငံ့ထားနိုင်သည်။

(ဃ) တစ်စုံတစ်ယောက်အပေါ်တွင် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ်တင်သွင်းထားကြောင်း သို့မဟုတ် ထိုသူသည် လူမွဲဖြစ်မှုမရပ်စဲသေးကြောင်း သက်သေထင်ရှားသည့်အခါ ထိုသူအပေါ် စစ်ဆေးနေသော တရားရုံးသည် ထိုမှုခင်းကို ဆိုင်းငံ့ခြင်း သို့မဟုတ် သင့်တော်သည်ဟု ထင်မြင်ယူဆသော စည်းကမ်းချက်များသတ်မှတ်၍ ဆက်လက်ဆောင်ရွက်စေခြင်း ပြုနိုင်သည်။

(င) တစ်နည်းနည်းဖြင့် ပေါင်နှံခြင်း သို့မဟုတ် အာမခံပေး၍ ပေါင်နှံခြင်းဖြင့် လူမွဲဖြစ်မှုမရပ်စဲသေးသော လူမွဲမှ ပိုင်ဆိုင်သည့် ကုန်စည်များကို တစ်စုံတစ်ယောက်က လက်ဝယ်ရယူထားသည့်ကိစ္စတွင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ယင်းပစ္စည်းကို စစ်ဆေးလိုကြောင်း လက်ဝယ်ရယူထားသူထံသို့ အကြောင်းကြားစာပေးပို့၍ ကြည့်ရှုစစ်ဆေးနိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ အကြောင်းကြားစာတစ်ရပ် ပေးပို့ထားခဲ့သည့်ကိစ္စတွင် ထိုပစ္စည်းလက်ဝယ်ရှိသူအနေဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူအား ထိုကုန်ပစ္စည်းကို စစ်ဆေးရန်အခွင့်အရေးနှင့် လူမွဲအား ပြန်လည်ရွေးနုတ်ရန်အခွင့်အရေးကို ကျိုးကြောင်းဆီလျော်စွာ ပေးအပ်ခဲ့ခြင်းမရှိလျှင် ထိုသူသည် မိမိရရှိထားသော အာမခံပစ္စည်းအား ထုခွဲရောင်းချခြင်းကို တရားရုံး၏ ခွင့်ပြုချက်မရဘဲ ဆောင်ရွက်ခွင့်မရှိစေရ။

(ဆ) လူမွဲ၏ပစ္စည်း သို့မဟုတ် ကုန်စည်သည် လူမွဲပိုင်ပစ္စည်းတွင် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဤပုဒ်မတွင် ရည်ညွှန်းဖော်ပြထားသည့် လူမွဲ၏ပစ္စည်း သို့မဟုတ် ကုန်စည်ဆိုသည့် စကားရပ်တွင် ပါဝင်စေရမည်။

**ယာယီပစ္စည်းထိန်းအား ခန့်အပ်ရန်အခွင့်အာဏာ**

၂၇၂။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားပြီးနောက် ထိုအမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို မြီစား၏ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်မည်ဟု ထင်မြင်ယူဆပါက တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်နိုင်သည်။

(ခ) အပိုင်း (၆) လုပ်ငန်းစဉ်ကို ဆောင်ရွက်ခံရသူတစ်ဦးအပေါ် လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ်ချမှတ်သည့်အခါ ယင်းအပိုင်း (၆) လုပ်ငန်းစဉ်မှ ပြန်လည်ထူထောင်ရေးအကြံပေးအား တရားရုံးက ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်နိုင်သည်။

(ဂ) ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်ချမှတ်ရာတွင် တရားရုံးသည် ယာယီပစ္စည်းထိန်း၏ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ချုပ်ချယ်သည့် တားမြစ်ချက်များအား ထည့်သွင်းချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်ချမှတ်ရာတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ပိုင်းကို ယာယီပစ္စည်းထိန်းက ချက်ချင်းလက်ရောက်ရယူစေရန် ယင်းအမိန့်တွင် ထည့်သွင်းချမှတ်ရမည်။

(င) တရားရုံးသည် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်ချမှတ်ရာတွင် ယာယီပစ္စည်းထိန်းမှ အခါအားလျော်စွာ ရရှိခွင့်ရှိမည့် အခကြေးငွေကို သတ်မှတ်ဖော်ပြနိုင်သည်။

(စ) တရားရုံးက ပုဒ်မခွဲ (ဂ) အရ အမိန့်တစ်ရပ်ချမှတ်ခြင်းမပြုလျှင် ဤပုဒ်မအရ ခန့်အပ်ထားသော ယာယီပစ္စည်းထိန်းတစ်ဦးသည် မြီစားပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေး၊ လုပ်ပိုင်ခွင့်အာဏာနှင့်တာဝန်များ ရရှိစေရမည် -

(၁) မြီစားပိုင်ပစ္စည်းများတွင် ပျက်စီးလွယ်သည့် ကုန်ပစ္စည်းများ သို့မဟုတ် အမှုအတွင်း တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုပါက တန်ဖိုးယုတ်လျော့သွားနိုင်သော ကုန်ပစ္စည်းများ ပါရှိလျှင် ယင်းကုန်ပစ္စည်းကို ရောင်းချခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(၂) လိုအပ်သည်ဟု ထင်မြင်ပါက မြီရှင်များအစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပခြင်း။

(ဆ) ဤပုဒ်မအရ ခန့်ထားသော ယာယီပစ္စည်းထိန်းအား တရားရုံးမှ ညွှန်ကြားချက်မရှိဘဲ ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုန်ကျစရိတ်ရှိသောလုပ်ငန်းများကို လုပ်ကိုင်စေရန် အခွင့်အာဏာ ပေးအပ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

(ဇ) ဤပုဒ်မအရ ခန့်ထားသော ယာယီပစ္စည်းထိန်းတစ်ဦးက မြီစားပိုင်ပစ္စည်းများတွင် ပါဝင်ခြင်း မရှိသောပစ္စည်းတစ်ရပ်ရပ်အား သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာတွင် ၎င်း၏ တမင်ပေါ့ဆမှုကြောင့် ဖြစ်ပွားသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုမှတစ်ပါး အခြားသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ထံသို့ ပေးလျော်ရန် တာဝန်မရှိစေရ။ သို့ရာတွင် ယာယီပစ္စည်းထိန်းတစ်ဦးအနေဖြင့် ထိုသို့ သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလုပ်စဉ်က ထိုသို့ပြုလုပ်ရန် မိမိတွင် လုပ်ပိုင်ခွင့်ရှိကြောင်းဆီလျော်သော အကြောင်းအချက်ရှိသည်ဟု မိမိကိုယ်တိုင်က ထင်မြင်ယုံကြည်၍ ပြုလုပ်ခြင်းဖြစ်ရမည်။

(စျ) ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားပြီးနောက် မြီစားသည် ယာယီပစ္စည်းထိန်းအား ၎င်း၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန်အတွက် လိုအပ်သော ပစ္စည်းစာရင်းနှင့်အချက်အလက်များကို ပေးအပ်ရမည့်အပြင် ယာယီပစ္စည်းထိန်းက အခါအားလျော်စွာ တောင်းခံသော အခြားလိုအပ်သည့်အကူအညီများကိုလည်း မပျက်မကွက် ဆောင်ရွက်ပေးရမည်။

(ည) ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားရာတွင် ထိုသို့ခန့်ထားသည့်အချိန်နှင့် လူမွဲခံယူစေရန် လျှောက်ထားချက်အရ လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်သည့်အချိန် သို့မဟုတ် ထိုလျှောက်လွှာကို ပလပ်သည့် အချိန်ကာလအထိ ကြားကာလတွင် ပုဒ်မ ၂၅၆၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ဋ) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မြီစားပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယာယီပစ္စည်းထိန်း တစ်ဦးကို ခန့်ထားခြင်းသည် ရပ်စဲစေရမည် -

(၁) ထိုမြီစားအပေါ် လျှောက်ထားသည့် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာအား ပလပ်လိုက်သည့်အခါ၊

(၂) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာအရ မြီစားအား လူမွဲအဖြစ် ခံယူစေသည့်အမိန့် ချမှတ်လိုက်သည့်အခါ၊

(၃) ထိုသို့ခန့်ထားမှုကို အခြားတစ်နည်းနည်းဖြင့် ရပ်စဲစေရန် တရားရုံးက အမိန့်ချမှတ်လိုက်သည့်အခါ။

(ဃ) မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ခြင်းခံခဲ့ရလျှင် ပစ္စည်းတစ်ရပ်သည် နောင်တွင် လူမွဲ၏ပစ္စည်းတွင်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လူမွဲပိုင်ပစ္စည်းများအဖြစ် ဤပုဒ်မတွင် ရည်ညွှန်းဖော်ပြထားချက်များ၌ ၎င်း၏ ပစ္စည်းများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်။

**လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်**

၂၇၃။ (က) မြီစားတစ်ဦး၏ လျှောက်ထားချက်အရမှတစ်ပါး လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ်ချမှတ်သည့်အခါ လူမွဲဖြစ်သူမြီစားသည် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ မိမိ၏လုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်ကို လူမွဲဖြစ်မှုစတင်သည့်နေ့မှစ၍ ၂၀ ရက် ကုန်ဆုံးခြင်း မရှိမီ နည်းဥပဒေဖြင့် သတ်မှတ်ထားချက်များနှင့်အညီ တင်သွင်းရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူသည် -

(၁) ပုဒ်မခွဲ (က) အရ လူမွဲဖြစ်သူမြီစားအပေါ် တင်ရှိသည့်တာဝန်မှ ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ်

(၂) ပုဒ်မခွဲ (က) အရ သတ်မှတ်ကာလကို တိုးချဲ့သတ်မှတ်ပေးခြင်း ပြုနိုင်သည်။ သို့ရာတွင် ဤပုဒ်မအရ အပ်နှင်းထားသော အခွင့်အာဏာကို ယုံမှတ်အပ်နှံခြင်းခံရသူမှ ကျင့်သုံးရန် ငြင်းဆိုလျှင် တရားရုံးသည် ထိုအခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) လူမွဲဖြစ်သူမြီစားသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ -

(၁) ဤပုဒ်မတွင် ဖော်ပြသတ်မှတ်ထားသော တာဝန်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊

(၂) လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်တစ်ရပ်ကို နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းခြင်းမပြုလျှင်၊

၎င်းသည် ဤဥပဒေဖြင့် သတ်မှတ်ထားသော ပြစ်ဒဏ်များချမှတ်ခြင်းခံရမည့်အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်းခံထိုက်စေရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ စုံစမ်းထောက်လှမ်းမှုပြုရန် တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၇၄။ (က) ခန့်အပ်ခြင်းခံရပြီးနောက် ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ချမှတ်ခြင်းမပြုမီ လူမွဲဖြစ်သူမြီစား၏ လုပ်ငန်းကိစ္စရပ်များနှင့် ဆောင်ရွက်မှုများအပါအဝင် လုပ်ငန်းကိစ္စများနှင့်ဆောင်ရွက်မှုများကို စုံစမ်းထောက်လှမ်းခြင်း၊

(၂) တွေ့ရှိချက်ကို တရားရုံးသို့ အစီရင်ခံတင်ပြခြင်း။

(ခ) ထိုပုဒ်မခွဲအရ စုံစမ်းစစ်ဆေးရန်လိုအပ်ခြင်းမရှိဟု ယုံမှတ်အပ်နှံခြင်းခံရသူက ထင်မြင်ယူဆသည့်အခါ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်း မရှိစေရ။

(ဂ) ဤပုဒ်မအရ တင်ပြသော ယုံမှတ်အပ်နှံခြင်းခံရသူ၏အစီရင်ခံစာသည် လူမွဲမှုခင်းများတွင် ဦးစွာအမြင်အားဖြင့် ခိုင်မာသည့်သက်သေခံချက်ဖြစ်စေရမည်။

**လူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်မေးခြင်း**

၂၇၅။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ်ချမှတ်ပြီးချိန်မှစ၍ လူမွဲအဖြစ်ရပ်စဲသည့် အမိန့်ချမှတ်ခြင်းမပြုမီကာလအတွင်း မည်သည့်အချိန်ကာလတွင်မဆို ထိုလူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာခွင့်ပြုရန် ယုံမှတ်အပ်နှံခြင်းခံရသူက တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးမှ အခြားနည်းဖြင့် အမိန့်ချမှတ်ခဲ့ခြင်းမရှိလျှင် အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာပေးခွင့်ပြုရန် အကြောင်းကြားစာပေးပို့သူ မြီရှင်အပါအဝင် ကြွေးမြီစုစုပေါင်း တန်ဖိုး၏ ထက်ဝက်ထက်မနည်း ပိုင်ဆိုင်သူမြီရှင်များ၏ သဘောတူညီချက်ဖြင့် မြီရှင်တစ်ဦးက နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်းဆိုသည့် အကြောင်းကြားစာကိုရရှိပါက ယုံမှတ်အပ်နှံခြင်းခံရသူသည် ပုဒ်မခွဲ (က) အရ လျှောက်လွှာကို တင်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ တရားရုံးသည် လူမွဲဖြစ်သူ မြီစားအား သတ်မှတ်သည့်နေ့ရက်တွင် အများပြည်သူရှေ့မှောက်၌ စစ်ဆေးကြားနာမည်ဖြစ်ကြောင်း ညွှန်ကြားရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်သည့်နေ့ရက်တွင် လူမွဲဖြစ်သူမြီစားသည် လာရောက် ရမည့်အပြင် ၎င်းပိုင်ဆိုင်သောလုပ်ငန်းကိစ္စများ၊ ဆက်သွယ်ဆောင်ရွက်ချက်များနှင့် ပစ္စည်း များနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းမှုကို ခံယူရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များသည် လူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်ဆေး ကြားနာရာ၌ မြီစားပိုင်ဆိုင်သော ဆက်သွယ်ဆောင်ရွက်ချက်များ၊ ပစ္စည်းများ၊ လုပ်ငန်းကိစ္စများ၊ လုပ်ငန်းများမအောင်မြင်ရသည့် အကြောင်းရင်းများနှင့်စပ်လျဉ်း၍ လူမွဲဖြစ်သူမြီစားအပေါ်၌ စစ်ဆေးမေးမြန်းနိုင်သည် -

(၁) အတည်ပြုခန့်အပ်ခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူ၊

(၂) တရားဝင်ပစ္စည်းထိန်းနှင့်

(၃) လူမွဲမှုခင်းတွင် လူမွဲဖြစ်သူမြီစားအပေါ် ကြွေးမြီတင်ရှိကြောင်း သက်သေပြနိုင်သည့် မြီရှင်များ။

(င) လူမွဲဖြစ်သူမြီစားသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မအရ ပြုလုပ်သော တရားရုံးရှေ့မှောက်တွင် စစ်ဆေးမေးမြန်းရာ၌ တရားရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေဖြင့် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့် အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်းခံထိုက်စေရမည်။

**လူမွဲဖြစ်သူမြီစားက ဆောင်ရွက်ပေးရမည့် တာဝန်များ**

၂၇၆။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ခြင်းခံရပါက လူမွဲသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(၁) မိမိ၏လက်ဝယ်တွင်ရှိသော ပစ္စည်းများကို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ် အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန်၊

(၂) မည်သည့်စစ်ဆေးစီရင်မှုတွင်မဆို ထုတ်ဖော်ပြောဆိုခြင်းမှ ကင်းလွတ်ခွင့်ရသော အကြောင်း အရာများအပါအဝင် ၎င်းပိုင်ပစ္စည်းများနှင့်သက်ဆိုင်ပြီး ၎င်း၏လက်ဝယ် သို့မဟုတ် စီမံခန့်ခွဲမှုအောက်တွင်ရှိနေသော စာအုပ်စာရွက်စာတမ်းများနှင့် မှတ်တမ်းများကိုလည်း တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန်။

(ခ) လူမွဲပိုင်ပစ္စည်းများတွင် ပါဝင်သည့် အချို့သောပစ္စည်းများမှာ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် မဖြစ်နိုင်သော ပစ္စည်းများဖြစ်သည့်ကိစ္စနှင့် လူမွဲပိုင်ပစ္စည်းဖြစ်ကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူက တောင်းဆိုနိုင်သောပစ္စည်းတစ်ရပ်ရပ်ဖြစ်သည့်ကိစ္စများတွင် ထိုသို့သော အရာဝတ္ထုများ သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်း၍ အကာအကွယ်ပေးရန်အတွက် ယုံမှတ်အပ်နှံခြင်းခံရသူက ကျိုးကြောင်းဆီလျော်စွာ တောင်းဆိုသည့်နည်းလမ်းများအတိုင်း အားလုံးကို ဆောင်ရွက်ပေးရန် လူမွဲတွင် တာဝန်ရှိရမည်။

(ဂ) လူမွဲသည် -

(၁) ၎င်းပိုင်ပစ္စည်းများ၏စာရင်းနှင့် အခြားလိုအပ်သော အချက်အလက်များကို ယုံမှတ် အပ်နှံခြင်းခံရသူထံသို့ ပေးအပ်ရမည့်အပြင်၊

(၂) ဤအပိုင်းပါ ရည်ရွယ်ချက်တစ်ရပ်အလို့ငှာ ကျိုးကြောင်းဆီလျော်စွာ ဆင့်ဆိုသည့် ကိစ္စများတွင် ယုံမှတ်အပ်နှံခြင်းခံရသူအား လာရောက်ကူညီဆောင်ရွက်ပေးရမည်။

(ဃ) လူမွဲဖြစ်သူအနေဖြင့် လူမွဲအဖြစ်မှ ရပ်စဲသွားသည့်တိုင်အောင် ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(င) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ခြင်းခံရသူသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မအရ သတ်မှတ်ထားသောတာဝန်များကို လိုက်နာရန် ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေဖြင့် သတ်မှတ်ထားသော ပြစ်ဒဏ်ကိုချမှတ်ခြင်းခံရမည့် အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်းခံထိုက်စေရမည်။

## အခန်း (၄)
## လူမွဲမှုခင်းမှ ယုံမှတ်အပ်နှံခြင်းခံရသူများ
## ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးသက်တမ်း

### ခန့်အပ်ခြင်း

၂၇၇။ (က) မည်သူမဆို ဤဥပဒေအပိုင်း (၃) ပါ ပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ အဖြစ် မှတ်ပုံတင်ထားခြင်းမရှိလျှင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူ အဖြစ် ခန့်အပ်ခြင်းမခံထိုက်စေရ။

(ခ) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအဖြစ် ခန့်အပ်ရန် အခွင့် အာဏာတစ်ရပ်တွင် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများကို ပူးတွဲယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ခန့်အပ်နိုင်သည့်အခွင့်အာဏာလည်း ပါဝင်စေရမည်။ သို့ရာတွင် ထိုသို့ ခန့်အပ်ရာ၌ ယုံမှတ်အပ်နှံခြင်းခံရသူများသည် ပူးတွဲဆောင်ရွက်စေရန် သို့မဟုတ် တစ်ဦးမှ တစ်ဦးသို့ ကိုယ်စားလွှဲအပ်ဆောင်ရွက်နိုင်စေရန် အခွင့်အာဏာကို သတ်မှတ်ပေးရမည်။

(ဂ) အချို့သောအခြေအနေများ၌ တရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအဖြစ် ခန့်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသော ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ဤပုဒ်မပါ ပြဋ္ဌာန်းချက် များက ထိခိုက်စေခြင်း မရှိစေရ။

### ယုံမှတ်အပ်နှံခြင်းခံရသူကို ရာထူးမှ ဖယ်ရှားခြင်း၊ ရာထူးနေရာလစ်လပ်ခြင်း

၂၇၈။ (က) ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအား တရားရုံး၏ အမိန့်အရဖြစ်စေ သို့မဟုတ် နည်းဥပဒေအရ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းအား ရာထူးမှဖယ်ရှားရန်အလို့ငှာ ကျင်းပပြုလုပ်သော မြီရှင်များအစည်းအဝေး၏ ဆုံးဖြတ်ချက်အရဖြစ်စေ ရာထူးမှ ဖယ်ရှား နိုင်သည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူအား အစားထိုးခန့်အပ်ရန်အတွက် ကြွေးမြီစုစုပေါင်း၏ လေးပုံတစ်ပုံ ထက်မနည်း ပိုင်ဆိုင်သူမြီရှင်များ၏ သဘောတူညီချက်ဖြင့် တစ်ဦး သို့မဟုတ် တစ်ဦးထက် ပိုသော မြီရှင်များက အစည်းအဝေးတစ်ရပ် ဆင့်ခေါ်ပေးရန်တောင်းဆိုလျှင် သို့မဟုတ် တရားရုံးကဆင့်ဆိုလျှင် မြီရှင်များအစည်းအဝေးကို ဆင့်ခေါ်ရမည်။

(ဂ) ဤဥပဒေအပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသော အရည်အချင်းရှိသူအဖြစ်မှ ရပ်စဲသွားပါက တရားဝင်ပစ္စည်းထိန်း မဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ ဖယ်ရှားပေးရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ နုတ်ထွက်ရာတွင် နည်းဥပဒေအရ ပြဋ္ဌာန်းထားသော နည်းလမ်းများအတိုင်း မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားစာ ပေးပို့ရမည်။

(င) ယုံမှတ်အပ်နှံခြင်းခံရသူက အထက်ပါအတိုင်း အကြောင်းကြားစာကို ပေးပို့ရာတွင် ပုဒ်မ ၃၁၁ အရ အပြီးသတ်မြီရှင်များအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြောင်းနှင့် ယင်းအစည်းအဝေးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကိုလည်း ထည့်သွင်းဖော်ပြရမည်။

(စ) မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်ခဲ့လျှင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ ဖယ်ရှားပေးရမည်။

**တာဝန်မှ ရပ်စဲသွားခြင်း**

၂၇၉။ (က) ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ထားသော တရားဝင်ပစ္စည်းထိန်းအား တာဝန်မှရပ်စဲပြီး ၎င်း၏နေရာ၌ အခြားသူတစ်ဦးအား အစားထိုးခန့်အပ်ခဲ့ပါက ထိုတရားဝင် ပစ္စည်းထိန်းသည် အောက်ဖော်ပြပါအချိန်တစ်ခုခုတွင် ၎င်း၏တာဝန်များသည် ရပ်စဲပြီးဖြစ်စေရမည် -

(၁) တရားဝင်ပစ္စည်းထိန်းအား မြီရှင်များအစည်းအဝေးမှ ခန့်အပ်ခြင်းဖြစ်လျှင် ၎င်း၏နေရာသို့ အစားထိုးခန့်အပ်ပြီးဖြစ်ကြောင်း မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားစာ ပေးပို့သည့်အချိန်နှင့်

(၂) တရားဝင်ပစ္စည်းထိန်းအား တရားရုံးက ခန့်အပ်ခြင်းဖြစ်လျှင် ယင်းတရားရုံးက ဆုံးဖြတ်ချက် အမိန့်ချမှတ်သည့်အချိန်။

(ခ) တရားဝင်ပစ္စည်းထိန်းက ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် ၎င်းအနေဖြင့် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုလုပ်ငန်းများမှာ လက်တွေ့အားဖြင့် ပြီးပြတ်သွားပြီဖြစ်ကြောင်း မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပြီးနောက် တရားရုံးက အမိန့်ဖြင့် သတ်မှတ်သည့်အချိန်မှစ၍ ၎င်း၏တာဝန်များသည် ရပ်စဲပြီးဖြစ်စေရမည်။

(ဂ) အောက်ဖော်ပြပါ အချိန်တစ်ရပ်ရပ်တွင် တရားဝင်ပစ္စည်းထိန်းမဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ်မှ ရပ်စဲခြင်းခံရသူတစ်ဦးတစ်ယောက်၏ တာဝန်များသည် ရပ်စဲပြီးဖြစ်စေရမည် -

(၁) မြီရှင်များ၏အစည်းအဝေးဖြင့် ရာထူးမှ ဖယ်ရှားရာ၌ ၎င်း၏တာဝန်မှရပ်စဲချိန်နှင့် ပတ်သက်၍ တစ်စုံတစ်ရာဆုံးဖြတ်သတ်မှတ်ထားခြင်းမရှိသည့်ကိစ္စ သို့မဟုတ် ထိုသူသေဆုံးသွားသည့်ကိစ္စတွင် ထိုသူသည် ရာထူးတာဝန်မှရပ်စဲသွားပြီးဖြစ်ကြောင်း နည်းဥပဒေနှင့်အညီ မှတ်ပုံတင်အရာရှိနှင့် တရားရုံးသို့ အကြောင်းကြားသည့်အချိန်၊

(၂) မြီရှင်များ၏အစည်းအဝေးဖြင့် ရာထူးမှ ဖယ်ရှားရာ၌ ၎င်း၏ရာထူးမှ စွန့်လွှတ်ချိန်နှင့် ပတ်သက်၍ တစ်စုံတစ်ရာဆုံးဖြတ်ထားပြီးဖြစ်သည့် ကိစ္စ သို့မဟုတ် ထိုသူအား တရားရုံးအမိန့်ဖြင့် ရာထူးမှဖယ်ရှားသည့်ကိစ္စ သို့မဟုတ် ပုဒ်မ ၂၇၈၊ ပုဒ်မခွဲ (ဃ) အရ ရာထူးမှ နုတ်ထွက်သွားသည့်ကိစ္စတွင် ထိုသူ၏လျှောက်ထားချက်အပေါ် တရားရုံးက ဆုံးဖြတ်သည့် အချိန်၊

(၃) ရာထူးမှ မိမိဆန္ဒအလျောက် နုတ်ထွက်သည့်ကိစ္စတွင် တရားရုံးက တစ်နည်းနည်းဖြင့် အမိန့်တစ်စုံတစ်ရာ ချမှတ်ခဲ့ခြင်းမရှိလျှင် ၎င်း၏ နုတ်ထွက်မှု စတင်အကျိုးသက်ရောက်ချိန်၊

(၄) ပုဒ်မ ၂၇၈၊ ပုဒ်မခွဲ (စ) အရ ရာထူးနေရာ လစ်လပ်သည့်ကိစ္စတွင် -

(က) ထိုပုဒ်မခွဲတွင် ရည်ညွှန်းဖော်ပြထားသော မြီရှင်များအပြီးသတ်အစည်းအဝေး၌ ထိုသူ၏ရာထူးတာဝန်မှ စွန့်လွှတ်ခဲ့သည့်အချိန်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခဲ့ပြီးဖြစ်လျှင် ထိုသူ၏ လျှောက်ထားချက်အပေါ် တရားရုံးက ဆုံးဖြတ်သည့်အချိန်နှင့်

(ခ) ထိုမြီရှင်များ အပြီးသတ်အစည်းအဝေး၌ ဆုံးဖြတ်သတ်မှတ်ခဲ့ခြင်းမရှိလျှင် ရာထူးတာဝန်မှ လစ်လပ်သွားချိန်။

(ဃ) မြီစားအား လူမွဲအဖြစ်ခံယူစေရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ခဲ့ရာတွင် ထိုသို့ပယ်ဖျက်ချိန်၌ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်နေသူသည် ထိုတရားရုံးမှ ဆုံးဖြတ်သည့်အချိန်တွင် ၎င်း၏ရာထူးတာဝန်သည် ရပ်စဲစေရမည်။

(င) ဤပုဒ်မအရ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူအား ရာထူးတာဝန်မှ စွန့်လွှတ်စေသည့်အခါ လူမွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲရာ၌ ၎င်းမှ လုပ်ဆောင်သော ပြုလုပ်မှုများ သို့မဟုတ် ပျက်ကွက်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း အခြားနည်းဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် လုပ်ဆောင်သည့် ၎င်း၏အပြုအမူများနှင့်စပ်လျဉ်း၍လည်းကောင်း တင်ရှိသောတာဝန်အားလုံးသည် ဤပုဒ်မ၏ အထက်ပါပြဋ္ဌာန်းချက်များတွင် သတ်မှတ်ဖော်ပြထားသည့်အချိန်မှစတင်၍ ရပ်စဲပြီးဖြစ်စေရမည်။

(စ) ဤပုဒ်မအရ ရာထူးတာဝန်မှ စွန့်လွှတ်စေပြီးဖြစ်သော တစ်စုံတစ်ဦးနှင့်စပ်လျဉ်း၍ တရားရုံးမှ ပုဒ်မ ၂၈၂ အရ လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ခြင်းအား ဤပုဒ်မပါ မည်သည့်အချက်ကမျှ တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးနေရာလစ်လပ်ခြင်း**

၂၈၀။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးနေရာ လစ်လပ်သည့်အခါ ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ထိုလစ်လပ်နေသော ရာထူးနေရာတွင် တစ်စုံတစ်ဦးအား ထပ်မံခန့်အပ်ပြီးသည့်အချိန်ကာလ အထိ တရားဝင်ပစ္စည်းထိန်းသည် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ထိုလစ်လပ်နေသောရာထူးနေရာကို ခန့်အပ်ရန်အလို့ငှာ တရားဝင်ပစ္စည်းထိန်းသည် မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ဆင့်ခေါ်နိုင်ပြီး ပုဒ်မ ၂၉၅၊ ပုဒ်မခွဲ (ဇ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ မြီရှင်များအစည်းအဝေးကို ဆင့်ခေါ်ရမည်။

(ဃ) ပုဒ်မ ၂၈၁ အရ မြီရှင်များကော်မတီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ထားခဲ့လျှင် တရားဝင် ပစ္စည်းထိန်းသည် ထိုလစ်လပ်နေသော ရာထူးကိုခန့်အပ်ရန်အလို့ငှာ ထိုမြီရှင်များကော်မတီ အစည်းအဝေးကို ခေါ်ယူကျင်းပရန် ဆင့်ဆိုနိုင်သည်။

(င) အကယ်၍ ထိုလစ်လပ်နေသောရာထူးကို ထိုသို့ဖြည့်တင်းခန့်အပ်ခြင်းမပြုခဲ့လျှင် တရားဝင် ပစ္စည်းထိန်းသည် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။ သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် တရားဝင်ပစ္စည်းထိန်းက ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ အစည်းအဝေးကို ဆင့်ခေါ်နိုင်သည့်အာဏာကို ထိခိုက်စေခြင်း မရှိစေရ။

(စ) ဤပုဒ်မပါ လစ်လပ်နေသောရာထူး ဆိုသည့်စကားရပ်တွင် လူမွဲပိုင်ပစ္စည်းဖြစ်သော သို့မဟုတ် ယင်းပစ္စည်းတွင် ပါဝင်နိုင်သော ပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၃၁၁ အရ ဆင့်ခေါ်သော မြီရှင်များ အပြီးသတ်အစည်းအဝေးတစ်ရပ်ကျင်းပပြီးနောက် ထိုပစ္စည်း၏ ယုံမှတ်အပ်နှံခြင်း ခံရသူအဖြစ် ဆက်လက်ခန့်ထားရန်လိုအပ်နေသည့် ယုံမှတ်အပ်နှံခြင်းခံရသူ ရာထူးလည်း ပါဝင်စေရမည်။

## ယုံမှတ်အပ်နှံခြင်းခံရသူအား ကြပ်မတ်ခြင်း

**မြီရှင်များကော်မတီ**

၂၈၁။ (က) ဤဥပဒေနှင့် နည်းဥပဒေများဖြင့် အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အလို့ငှာ မြီရှင်များအစည်းအဝေးတစ်ရပ်ကျင်းပ၍ နည်းဥပဒေများဖြင့် သတ်မှတ်ထားချက် များနှင့်အညီ မြီရှင်များကော်မတီကို ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) မြီရှင်များအစည်းအဝေးတွင် တရားဝင်ပစ္စည်းထိန်း၏နေရာ၌ တစ်စုံတစ်ဦးအား ယုံမှတ် အပ်နှံခြင်းခံရသူအဖြစ် အစားထိုးခန့်အပ်ခဲ့သည့်အခါမှတစ်ပါး တရားဝင်ပစ္စည်းထိန်းက လူမွဲ၏

ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ဆောင်ရွက်နေသည့်ကာလအတွင်း ထိုအစည်းအဝေးဖြင့် မြီရှင်များကော်မတီကို တည်ထောင်ခြင်း သို့မဟုတ် ယင်းကော်မတီအား လုပ်ငန်းတာဝန် ပေးခြင်းများကို မပြုရ။

**တရားရုံးမှ ယုံမှတ်အပ်နှံခြင်းခံရသူအား ကြပ်မတ်ခြင်း**

၂၈၂။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိလျှင် လူမွဲကိုယ်တိုင်ဖြစ်စေ သို့မဟုတ် မြီရှင်များကဖြစ်စေ သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူတစ်ဦးကဖြစ်စေ တရားရုံးသို့ လျှောက်ထားနိုင်ပြီး ယင်းသို့ လျှောက်ထားမှုအပေါ် တရားရုံးသည် ယုံမှတ်အပ်နှံခြင်းခံရသူ၏ ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်အား အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုစေရန် အမိန့်ချမှတ်နိုင်သည့်အပြင် အခြားသင့်လျော်သည်ဟု ထင်မြင်ယူဆသော အမိန့်များချမှတ်နိုင်သည်။

(ခ) လူမွဲဖြစ်မှုအရ ပေါ်ပေါက်လာသော ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ညွှန်ကြားပေးနိုင်ရန် ယုံမှတ်အပ်နှံခြင်းခံရသူက တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များအပေါ်တွင် လူမွဲခံယူစေသည့်အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ် တင်သွင်းထားသည့်ကိစ္စ၌ ထိုသို့လျှောက်ထားခြင်းခံရသူများသည် ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိသော အစုစပ်လုပ်ငန်း၏ အစုဝင်များဖြစ်သည့်အခါ တရားရုံးသည် တရားမျှတမည်ဟု ထင်မြင်ယူဆလျှင် ၎င်းတို့ကို လူမွဲမှုခင်းတစ်ရပ်တည်း၌ ပူးတွဲ၍ ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

(ဃ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် တာဝန်ရှိသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ သို့မဟုတ် အစုစပ်လုပ်ငန်း၏ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူ တစ်ဦးဦး၏ လျှောက်ထားချက်အရ တရားရုံးသည် ပုဒ်မခွဲ (ဂ) အရ အမိန့်ချမှတ်နိုင်ပြီး ထိုအမိန့်တွင် အစုစပ်လုပ်ငန်း၏ ပူးတွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲခြင်းနှင့် အစုဝင်တစ်ဦးချင်းစီ၏ သီးခြား ပစ္စည်းများကို စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ ထည့်သွင်းညွှန်ကြားနိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ တာဝန်များ**

၂၈၃။ (က) ဤပုဒ်မအရ လျှောက်ထားချက်တစ်ရပ်အပေါ် တရားရုံးက -

(၁) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲပိုင်ပစ္စည်းများတွင်ပါဝင်သော ငွေကြေး သို့မဟုတ် အခြား ပစ္စည်းတစ်စုံတစ်ရာအား အလွဲအသုံးပြုထားကြောင်း သို့မဟုတ် လက်ဝယ်ရယူထားကြောင်း သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းတင်ပြရန်တာဝန်ရှိကြောင်း သို့မဟုတ်

(၂) ယုံမှတ်အပ်နှံခြင်းခံရသူက ၎င်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ အလွဲသုံးစားပြုမှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်မှုကြောင့် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆုံးရှုံးမှုတစ်ရပ်ပေါ်ပေါက်ခဲ့ကြောင်း။

ကျေနပ်မှုရှိလျှင် တရားရုံးသည် တရားမျှတသည်ဟု ထင်မြင်သည့်အတိုင်း ထိုသို့သောဥပဒေနှင့် မညီသော မှားယွင်းဆောင်ရွက်မှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ချိုးဖောက်မှု သို့မဟုတ် အခြား တာဝန်တစ်ရပ်ရပ်အတွက် လျော်ကြေးပေးစေရန် သို့မဟုတ် ထိုပစ္စည်း၏ အကျိုးအမြတ်အတွက် ငွေကြေး သို့မဟုတ် အခြားပစ္စည်းတစ်ရပ်ကို ပြန်လည်ပေးအပ်စေရန် သို့မဟုတ် မူလအနေအထားသို့ ပြန်လည်ထားရှိစေရန် သို့မဟုတ် တာဝန်ယူစာရင်းရှင်းလင်းတင်ပြစေရန် ယုံမှတ်အပ်နှံခြင်းခံရသူ အပေါ် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သောအမိန့်တွင် တရားရုံးက သင့်လျော်သောအတိုးနှုန်းကို ထည့်သွင်း သတ်မှတ်နိုင်သည်။ သို့ရာတွင် ထိုသို့ သတ်မှတ်ချက်သည် ဤပုဒ်မအရမှတစ်ပါး ပေါ်ပေါက်လာသော တာဝန်တစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

(ဂ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ထိုပစ္စည်းအတွက် ထပ်မံခန့်ထားသော ယုံမှတ်အပ်နှံခြင်း ခံရသူ သို့မဟုတ် မြီရှင် သို့မဟုတ် လူမွဲက ဤပုဒ်မအရ လျှောက်ထားနိုင်သည်။ သို့ရာတွင် လူမွဲကိုယ်တိုင်မှ လျှောက်ထားခြင်း သို့မဟုတ် ပုဒ်မ ၂၇၉ အရ ယုံမှတ်အပ်နှံခြင်းခံရသူက ၎င်း၏ရာထူးတာဝန်ရပ်စဲပြီးမှ လျှောက်ထားလျှင် တရားရုံး၏ခွင့်ပြုချက်ဖြင့်သာ လျှောက်ထား ရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲပိုင်ပစ္စည်းတွင် မပါဝင်သော ပစ္စည်းတစ်ရပ်ကို သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုခွင့်ရှိကြောင်း ဆီလျော်သောအကြောင်းတစ်ရပ်ရပ်အရ ယုံကြည်၍ ဆောင်ရွက်ရာတွင် ၎င်းမှ လက်ဝယ်ထားခွင့်ရှိသော ပစ္စည်းတစ်ရပ်အား သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာမှ ၎င်း၏ ပေါ့လျော့မှုကြောင့် ပေါ်ပေါက်လာသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုများမှတစ်ပါး ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုသို့သော ပစ္စည်းတစ်ရပ်အား သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာမှ ပေါ်ပေါက်လာသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တာဝန်မရှိစေရ။

## အခန်း (၅)
## ယုံမှတ်အပ်နှံခြင်းခံရသူ၏လုပ်ပိုင်ခွင့်နှင့် တာဝန်များ
## နိဒါန်း

### ယုံမှတ်အပ်နှံခြင်းခံရသူ၏ တာဝန်များ

၂၈၄။ (က) ယုံမှတ်အပ်နှံခြင်းခံရသူ၏ လုပ်ငန်းတာဝန်များသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူမွဲပိုင်ပစ္စည်းများကို လက်ရောက်ရယူ၍ ထုခွဲရောင်းချကာ မြီရှင်များအား ခွဲဝေပေး ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် ၎င်း၏ ကိုယ်ပိုင်ဆင်ခြင်တုံတရားကိုကျင့်သုံး၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသည်။

(ခ) ထိုလူမွဲမှုခင်းနှင့်ပတ်သက်၍ ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အလို့ငှာ တရားဝင်ပစ္စည်းထိန်းက ကျိုးကြောင်းဆီလျော်စွာ တောင်းခံလာသည့်အခါ တရားဝင်ပစ္စည်းထိန်း မဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(၁) တရားဝင်ပစ္စည်းထိန်းထံသို့ အချက်အလက်များ တင်ပြခြင်း၊

(၂) စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို တရားဝင်ပစ္စည်းထိန်းထံသို့ တင်ပြခြင်း၊ လိုအပ်သလို အစစ်ခံခြင်းနှင့်

(၃) အခြားလိုအပ်သော အကူအညီများပေးခြင်း။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူ၏ တရားဝင်ရာထူးအမည်ကို သုံးစွဲရာတွင် "လူမွဲဖြစ်သူ ဦး/ဒေါ် +++ ၏ ပစ္စည်းအတွက် ယုံမှတ်အပ်နှံခြင်းခံရသူ" အဖြစ် ရည်ညွှန်းသုံးစွဲရမည်ဖြစ်ပြီး "ထိုလူမွဲ၏ယုံမှတ်အပ်နှံခြင်းခံရသူ" အဖြစ် သုံးစွဲရမည်။

## လူမွဲပိုင်ပစ္စည်းများအား သိမ်းယူခြင်း၊ ထိန်းသိမ်းခြင်းနှင့် ထုခွဲရောင်းချခြင်း

### လူမွဲပိုင်ပစ္စည်းများ ယုံမှတ်အပ်နှံခြင်းခံရသူထံ လွှဲပြောင်းရောက်ရှိခြင်း

၂၈၅။ (က) တစ်စုံတစ်ဦးကိုဖြစ်စေ၊ တရားဝင်ပစ္စည်းထိန်းကိုဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားသည်နှင့်တစ်ပြိုင်နက် ထိုသူသည် လူမွဲပိုင်ပစ္စည်းများအား တရားဝင် စီမံခန့်ခွဲခွင့် ရှိစေရမည်။

(ခ) လူမွဲပိုင်ပစ္စည်းဖြစ်သော သို့မဟုတ် ယင်းတွင် တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်သော မည်သည့် ပစ္စည်းကိုမဆို ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လွှဲပြောင်းအပ်နှံရာတွင် တရားဝင်စာချုပ်ဖြင့် လွှဲပြောင်းခြင်း၊ အပ်နှံခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုသော်လည်း ဥပဒေနှင့်အညီ လွှဲပြောင်း အပ်နှံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**လူမွဲဖြစ်ပြီးနောက် ရရှိလာသော ပစ္စည်းများ**

၂၈၆။ (က) လူမွဲဖြစ်မှုစတင်ပြီးနောက် လူမွဲက ရရှိသော သို့မဟုတ် ဆက်ခံပိုင်ဆိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို လူမွဲပိုင်ပစ္စည်းအဖြစ် လက်ရောက်လွှဲပြောင်းပေးအပ်ရန် ယုံမှတ်အပ်နှံခြင်းခံရသူသည် စာဖြင့် ရေးသားထားသော အကြောင်းကြားစာကို ပေးပို့၍ တောင်းခံနိုင်သည်။

(ခ) သို့ရာတွင် အောက်ပါပစ္စည်းများနှင့်စပ်လျဉ်း၍ တောင်းခံပိုင်ခွင့်မရှိစေရ -

(၁) ဤဥပဒေအရ ဖယ်ထုတ်ရမည့်ပစ္စည်းများနှင့်

(၂) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ လူမွဲပိုင်ပစ္စည်းအဖြစ်မှ ဖယ်ထုတ်ရမည့် ပစ္စည်းများ။

(ဂ) ဤပုဒ်မအရ အကြောင်းကြားစာပေးပို့ပြီးသည့်အခါ ထိုစာတွင် ဖော်ပြတောင်းခံထားသော ပစ္စည်းသည် လူမွဲပိုင်ပစ္စည်း၏အစိတ်အပိုင်းအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိ သွားသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူ၏ စီမံခန့်ခွဲ ခွင့်သည် ထိုပစ္စည်းများကို လူမွဲက လက်ဝယ်ရရှိခဲ့သည့်အချိန် သို့မဟုတ် ဆက်ခံပိုင်ဆိုင် ခဲ့သည့်အချိန်မှစတင်၍ ရရှိခဲ့သည်ဟု မှတ်ယူရမည်။

(ဃ) ဤပုဒ်မအရ အကြောင်းကြားစာကို ပေးပို့ခြင်းမပြုမီကဖြစ်စေ၊ ပေးပို့ပြီးနောက်တွင်ဖြစ်စေ အကယ်၍ -

(၁) လူမွဲဖြစ်မှုကို မသိရှိဘဲ တစ်စုံတစ်ဦးသည် ထိုပစ္စည်းအား သဘောရိုးဖြင့် တန်ရာတန်ဖိုးပေး၍ ဝယ်ယူကာ လက်ဝယ်ရယူထားလျှင် သို့မဟုတ်

(၂) လူမွဲဖြစ်မှုကို မသိရှိဘဲ ဘဏ်လုပ်ငန်းရှင်တစ်ဦးသည် သဘောရိုးဖြင့် လုပ်ငန်း ဆက်သွယ် ဆောင်ရွက်ခဲ့လျှင်။

ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုသူ သို့မဟုတ် ဘဏ်လုပ်ငန်းရှင် သို့မဟုတ် ၎င်းတို့ထံမှ ပိုင်ဆိုင်မှု ဆက်ခံရယူထားသူအား ဆန့်ကျင်၍ ဤပုဒ်မအရ ကုစားခွင့် မရှိစေရ။

(င) ဤပုဒ်မအရ ပစ္စည်းဆိုသော စကားရပ်တွင် လူမွဲ၏ ဝင်ငွေအစိတ်အပိုင်းအဖြစ် ပုဒ်မ ၂၈၉ အရ အမိန့်ချမှတ်နိုင်သော ပစ္စည်း ပါဝင်ခြင်း မရှိစေရ။

**တန်ဖိုးများပြားသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူထံ လွှဲပြောင်းရောက်ရှိခြင်း**

၂၈၇။ (က) လူမွဲ၏ ဖယ်ထုတ်ရမည့်ပစ္စည်းများအားလုံး သို့မဟုတ် ယင်းတို့အနက်မှ ပစ္စည်းတစ်ရပ်အား ရောင်းချ၍ ရနိုင်သောတန်ဖိုးသည် ထိုပစ္စည်းအားလုံး သို့မဟုတ် ယင်းတို့အနက်မှ ပစ္စည်းတစ်ရပ်အတွက် အစားထိုးအသုံးပြုနိုင်သည့် ပစ္စည်းတစ်ရပ်၏ တန်ဖိုးထက်သိသာစွာ ကျော်လွန်နေကြောင်း ပေါ်ပေါက်လျှင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုပစ္စည်းအားလုံး သို့မဟုတ် ယင်းတို့အနက်မှ ပစ္စည်းတစ်ရပ်ကို လူမွဲပိုင်ပစ္စည်းအဖြစ် ပေးအပ်ရန် စာဖြင့်ရေးသား အကြောင်းကြားစာ ပေးပို့တောင်းခံနိုင်သည်။

(ခ) ဤပုဒ်မအရ လူမွဲဖြစ်သူထံသို့ အကြောင်းကြားစာပေးပို့ပြီးသောအခါ ထိုအကြောင်းကြား စာတွင် ဖော်ပြတောင်းခံထားသောပစ္စည်းသည် လူမွဲပိုင်ပစ္စည်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူ၏စီမံခန့်ခွဲခွင့်သည် လူမွဲဖြစ်မှုကို မသိရှိဘဲ ထိုပစ္စည်းအား သဘောရိုးဖြင့် တန်ရာတန်ကြေးပေး၍ ဝယ်ယူခဲ့သူအပေါ်တွင်မှတစ်ပါး လူမွဲဖြစ်မှု စတင်သည့် အချိန်မှစ၍ စတင်သည်ဟု မှတ်ယူရမည်။

(ဂ) ဤပုဒ်မအရ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားသော ပစ္စည်းတစ်ရပ်ရပ်အတွက် သင့်လျော်သည့် အစားထိုးပစ္စည်းကို လူမွဲကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ ကိုယ်စားဖြစ်စေ ဝယ်ယူရာ၌ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သည့် ငွေကြေးမှ ပေးချေရမည်။ ယုံမှတ်အပ်နှံခြင်းခံရသူ၏အပေါ်တွင် တင်ရှိနေသော ဤပုဒ်မခွဲအရ ပေးချေရန်တာဝန်သည် လူမွဲပိုင်ပစ္စည်းများကို ရထိုက်ခွင့်ရှိသူများထံသို့ ခွဲဝေပေးရာတွင် လုပ်ဆောင်ရန် တင်ရှိနေသော အခြားသောပေးရန် တာဝန်များအနက်မှ ဦးစားပေးတာဝန်ဖြစ်စေရမည်။

(ဃ) ဤပုဒ်မအလို့ငှာ ပစ္စည်းတစ်ခု၏လိုအပ်ချက်များကို အခြားပစ္စည်းတစ်ခုက ကျိုးကြောင်းဆီလျော်စွာ လုံလုံလောက်လောက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုရှိလျှင် ထိုပစ္စည်းသည် အခြားပစ္စည်းတစ်ရပ်အတွက် သင့်လျော်သော အစားထိုးပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

**ပုဒ်မ ၂၈၆ သို့မဟုတ် ၂၈၇ အရ အကြောင်းကြားစာပေးပို့ရမည့် ကာလသတ်မှတ်ချက်**

၂၈၈။ (က) တရားရုံး၏ ခွင့်ပြုချက်အရမှတစ်ပါး အကြောင်းကြားစာကို အောက်ပါအခြေအနေများတွင် ပေးပို့ခြင်းမပြုရ -

(၁) ပုဒ်မ ၂၈၆ အရ ပစ္စည်းကို လူမွဲက လက်ရောက်ရယူပိုင်ဆိုင်ကြောင်း သို့မဟုတ် ဆက်ခံပိုင်ဆိုင်ကြောင်းကို ယုံမှတ်အပ်နှံခြင်းခံရသူက စတင်သိရှိသည့်နေ့မှစ၍ ၄၂ ရက် ကုန်ဆုံးသွားလျှင်၊

(၂) ပုဒ်မ ၂၈၇ အရ ထိုပစ္စည်းရှိကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူ စတင်သိရှိသည့်နေ့မှစ၍ ၄၂ ရက် ကုန်ဆုံးသွားလျှင်။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအလို့ငှာ -

(၁) ထိုပစ္စည်းရှိကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူမှ စတင်သိရှိသည်ဟုဆိုရာတွင် ပထမယုံမှတ်အပ်နှံခြင်းခံရသူက သိရှိခဲ့သည့်အချိန်သည် ၎င်းကို ဆက်ခံသော ယုံမှတ်အပ်နှံခြင်းခံရသူက သိရှိသည့်အချိန်ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ပုဒ်မခွဲငယ် (၁) နှင့် မသက်ဆိုင်သောကိစ္စရပ်ဖြစ်ပါက၊ တစ်စုံတစ်ဦးမှ သိရှိခဲ့ခြင်းသည် ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားခြင်းမခံရမီ သိရှိခဲ့ခြင်းဖြစ်လျှင် ၎င်းအား ခန့်ထားသည့်နေ့တွင်မှသာ သိရှိကြောင်းနှင့် တရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားခြင်းဖြစ်လျှင် ထိုသို့ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်ထားသည့်အချိန်တွင်မှ သိရှိသည်ဟု မှတ်ယူရမည်။

**လူမွဲ၏ဝင်ငွေများမှ ကြွေးမြီများကို ပေးဆပ်စေရန်အမိန့်ချမှတ်ခြင်း**

၂၈၉။ (က) ဤပုဒ်မအရ အမိန့်ချမှတ်ရာတွင် ထိုအမိန့်အတည်ဖြစ်နေသည့် အချိန်ကာလအတွင်း လူမွဲ၏ကြွေးမြီအတွက် လူမွဲ၏ဝင်ငွေများအနက်မှ အများစုကို ပေးဆပ်စေရန် တရားရုံးသည် ထည့်သွင်းညွှန်ကြားနိုင်သည်။

(ခ) ထိုဝင်ငွေမှ ပေးဆောင်ရန်အမိန့်ကို ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရသာ ချမှတ်နိုင်ပြီး ထိုသို့ချမှတ်ရာတွင် လူမွဲဖြစ်မှု ရပ်စဲသည့်အချိန်ကာလအထိသာ ပေးဆပ်စေရန် သတ်မှတ်နိုင်သည်။

(ဂ) ထိုသို့အမိန့်ချမှတ်ရာတွင် လူမွဲနှင့် ၎င်းမိသားစု၏ စားဝတ်နေရေးအတွက် ကျိုးကြောင်းဆီလျော်သည့် ငွေပမာဏထက် လျော့နည်းစေသည်အထိ ဝင်ငွေများမှ ပေးဆပ်စေသည့် အမိန့်ကို ချမှတ်ခြင်း မပြုရ။

(ဃ) ဤပုဒ်မအရ အမိန့်ချမှတ်ရာတွင် အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(၁) ထိုအမိန့်တွင် သတ်မှတ်ထားသည့် ငွေပမာဏကို လူမွဲမှယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပေးချေစေရန် သို့မဟုတ်

(၂) တစ်စုံတစ်ဦးမှ လူမွဲထံသို့ ပေးရန်ရှိသော ထိုငွေပမာဏကို လူမွဲထံသို့ ပေးချေခြင်းမပြုစေဘဲ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ တိုက်ရိုက်ပေးချေစေရန်။

(င) ဤပုဒ်မအရ အမိန့်ချမှတ်ရာတွင် တရားရုံးသည် လူမွဲ၏ဝင်ငွေအပေါ် တရားမကျင့်ထုံးဥပဒေအရ ဝရမ်းကပ်ထားသော အမိန့်အား ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

(စ) ဤပုဒ်မပါ အမိန့်အရ ယုံမှတ်အပ်နှံခြင်းခံရသူက လက်ခံရရှိထားသောငွေပမာဏအား လူမွဲပိုင်ပစ္စည်းအဖြစ် မှတ်ယူရမည်။

(ဆ) ဤပုဒ်မအရ ချမှတ်သော ဝင်ငွေများမှ ပေးဆပ်စေရန်အမိန့်တွင် ထိုအမိန့် အတည်ဖြစ်အကျိုးသက်ရောက်မှုရှိရမည့်ကာလကို ထည့်သွင်းဖော်ပြသတ်မှတ်ရမည်ဖြစ်ပြီး ထိုသက်တမ်းကာလသည် လူမွဲဖြစ်မှုရပ်စဲသည့် ကာလထက်ကျော်လွန်ခြင်း မရှိစေရ။

(ဇ) လူမွဲအား လူမွဲဖြစ်မှု ရပ်စဲခြင်းမပြုမီဖြစ်စေ၊ ရပ်စဲပြီးနောက်တွင်ဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် လူမွဲ၏ လျှောက်ထားချက်အရ တရားရုံးသည် ဤပုဒ်မအရ ချမှတ်ခဲ့သော ဝင်ငွေမှ ပေးဆပ်စေသည့်အမိန့်ကို ပြင်ဆင်ပြောင်းလဲနိုင်သည်။

(ဈ) ဤပုဒ်မအလို့ငှာ လူမွဲ၏ဝင်ငွေဟုဆိုရာတွင် စီးပွားရေးလုပ်ငန်းတစ်ရပ် လုပ်ကိုင်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ငွေပေးချေမှုတစ်ရပ်ရပ် သို့မဟုတ် ရာထူးတစ်ရပ် သို့မဟုတ် အလုပ်အကိုင်တစ်ရပ်နှင့်စပ်လျဉ်းသည့် ငွေပေးချေမှုတစ်ရပ်နှင့် ပင်စင်အစီအစဉ်တစ်ရပ်အရ ငွေပေးချေမှုတစ်ရပ်အပါအဝင် အခါအားလျော်စွာ လူမွဲက ရထိုက်ခွင့်ရှိသော ဝင်ငွေသဘောသဘာဝရှိသည့် ငွေပေးချေမှုအားလုံး ပါဝင်သည်။

**ဝင်ငွေမှ ပေးဆပ်စေရန် သဘောတူစာချုပ်**

၂၉၀။ (က) ဤပုဒ်မအရ ဝင်ငွေမှ ပေးဆပ်စေရန် သဘောတူစာချုပ်ဆိုသည်မှာ အောက်ပါကိစ္စရပ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လူမွဲနှင့်၎င်း၏ ယုံမှတ်အပ်နှံခြင်းခံရသူတို့အကြား သို့မဟုတ် လူမွဲနှင့် တရားဝင်ပစ္စည်းထိန်းတို့အကြား စာဖြင့်ရေးသားချုပ်ဆိုသည့် သဘောတူညီချက်ကို ဆိုသည် -

(၁) သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း လူမွဲမှရရှိလာသော ဝင်ငွေများအနက်မှ သတ်မှတ်ထားသောငွေပမာဏ သို့မဟုတ် အချိုးအစားတစ်ရပ်နှင့် ညီမျှသောငွေပမာဏကို ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ပေးဆပ်ရန် သို့မဟုတ်

(၂) သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း လူမွဲထံသို့ တစ်စုံတစ်ဦးက ပေးဆပ်ရန်ရှိသော ငွေများအနက်မှ သတ်မှတ်ထားသော ငွေပမာဏ သို့မဟုတ် အချိုးအစားတစ်ရပ်နှင့် ညီမျှသော ငွေပမာဏကို ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းအား ပေးဆပ်စေရန်။

(ခ) ပုဒ်မခွဲ (က) ပါ ဝင်ငွေမှ ပေးဆပ်ရန်စာချုပ်ပါ သဘောတူညီချက်များအား ဝင်ငွေမှပေးဆပ်စေသည့် အမိန့်တစ်ရပ် ဖြစ်ဘိသကဲ့သို့ ဥပဒေနှင့်အညီ အတည်ပြုဆောင်ရွက်နိုင်သည်။

(ဂ) ဝင်ငွေမှပေးဆပ်စေရန် သဘောတူစာချုပ် အတည်ဖြစ်နေသည့်ကာလအတွင်း တရားရုံးသည် လူမွဲ၏ဝင်ငွေအပေါ် တရားမကျင့်ထုံးဥပဒေအရ ဝရမ်းကပ်ထားသော အမိန့်အား ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မ ၂၈၉၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဈ) တို့ပါ ပြဋ္ဌာန်းချက်များသည် ဝင်ငွေမှ ပေးဆပ်စေသည့်အမိန့်အပေါ် အကျိုးသက်ရောက်သကဲ့သို့ ဝင်ငွေမှပေးဆပ်စေရန် သဘောတူစာချုပ် အပေါ်တွင်လည်း အကျိုးသက်ရောက်စေရမည်။

(င) ဝင်ငွေမှပေးဆပ်စေရန် သဘောတူစာချုပ်တွင် ထိုသဘောတူညီချက်အတည်ဖြစ် အကျိုးသက်ရောက်မှုရှိရမည့်ကာလကို ထည့်သွင်းဖော်ပြသတ်မှတ်ရမည်ဖြစ်ပြီး ထိုသက်တမ်းကာလသည် လူမွဲဖြစ်မှု ရပ်စဲသည့်ကာလထက် ကျော်လွန်ခြင်း မရှိစေရ။

(စ) ဝင်ငွေမှပေးဆပ်စေရန် သဘောတူစာချုပ်ကို အောက်ပါအခြေအနေတစ်ရပ်ရပ်အရ ပုဒ်မခွဲ (င) နှင့်အညီ ပြင်ဆင်ပြောင်းလဲနိုင်သည် -

(၁) သက်ဆိုင်သူများက စာဖြင့်ရေးသားထားသော သဘောတူညီချက်အရဖြစ်စေ သို့မဟုတ်

(၂) လူမွဲ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားဝင်ပစ္စည်းထိန်း၏ လျှောက်ထားချက်အရ တရားရုံးအမိန့်ဖြင့်ဖြစ်စေ။

(ဆ) ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၂) အရ ထိုသဘောတူစာချုပ်ကို ပြင်ဆင်ရာတွင် တရားရုံးသည် -

(၁) ဝင်ငွေမှပေးဆပ်စေရန်အမိန့်တွင် ထည့်သွင်းချမှတ်နိုင်ခြင်းမပြုနိုင်သည့် စည်းမျဉ်းသတ်မှတ်ချက်များကို ထည့်သွင်းရန် ပြင်ဆင်ခြင်းမပြုရ။ သို့ရာတွင်

(၂) ဤဥပဒေပုဒ်မ ၂၈၉ (ဂ) အရ အကျိုးသက်ရောက်မှုကို ရှောင်ရှားရန်အတွက် ပြင်ဆင်ရန်လိုအပ်သည်ဟု ထင်မြင်ယူဆသော အတိုင်းအတာအထိ ဝင်ငွေများ ပေးဆောင်ရန်သဘောတူစာချုပ်ကို ပြင်ဆင်ရန် ခွင့်ပြုနိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူက ကြပ်မတ်ခြင်း**

၂၉၁။ (က) ခန့်အပ်ခြင်းခံရသည်နှင့်တစ်ပြိုင်နက် ယုံမှတ်အပ်နှံခြင်းခံရသူသည် လူမွဲ၏ ပစ္စည်းများ သို့မဟုတ် လုပ်ငန်းကိစ္စများ၊ ပိုင်ဆိုင်သောအရာများ သို့မဟုတ် ၎င်း၏ကြပ်မတ်မှု သို့မဟုတ် ၎င်း၏လက်ဝယ်တွင်ရှိသောအရာများနှင့်စပ်လျဉ်းသည့် စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို လက်ရောက်ရယူရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူက ဤပုဒ်မအရ စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို လက်ရောက်ရယူခြင်းအပေါ် လူမွဲကအခွင့်အရေးတစ်စုံတစ်ရာ တောင်းဆိုခွင့်မရှိစေရ။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူက လူမွဲပိုင်ပစ္စည်းအား လက်ဝယ်ထားခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းပြုရာ၌ တရားရုံးမှ ခန့်အပ်သောပစ္စည်းထိန်းတစ်ဦးကဲ့သို့ မှတ်ယူရမည့်အပြင် ထိုလက်ဝယ်ထားရှိခွင့် သို့မဟုတ် ထိန်းသိမ်းခွင့်ကို ရရှိစေရန် တရားရုံးက အတည်ပြုဆောင်ရွက်ပေးနိုင်သည်။

(ဃ) လူမွဲပိုင်ပစ္စည်း၌ ကုမ္ပဏီတစ်ခုရှိ စတော့ရှယ်ယာ သို့မဟုတ် ရှယ်ယာများ သို့မဟုတ် သင်္ဘောပိုင်ဆိုင်မှုရှယ်ယာများ သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် ရုံး သို့မဟုတ် လူတစ်ဦး၏ စာအုပ်စာတမ်းများတွင်ရှိသည့် လွှဲပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ် ပါဝင်နေသည့်အခါ ယုံမှတ်အပ်နှံခြင်းခံရသူသည် မြီစားက လူမွဲအဖြစ်ခံယူခြင်းမပြုခဲ့လျှင် ၎င်းအနေဖြင့် ကျင့်သုံးဆောင်ရွက်နိုင်မည်ဖြစ်သော တူညီသည့်လုပ်ပိုင်ခွင့်အတိုင်းအတာအထိ ထိုပစ္စည်းအား လွှဲပြောင်းရန်အခွင့်အရေးကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(င) လူမွဲပိုင်ပစ္စည်း၏အစိတ်အပိုင်းတစ်ရပ်တွင် ရွှေ့ပြောင်းသွားလာနေသော အရာဝတ္ထုပစ္စည်းများ ပါဝင်နေလျှင် ယင်းတို့သည် ယုံမှတ်အပ်နှံခြင်းခံရသူထံ ဥပဒေနှင့်အညီ လွှဲပြောင်းရောက်ရှိသွားပြီးဖြစ်ကြောင်း မှတ်ယူရမည်။ သို့ရာတွင် ထိုသို့ လွှဲပြောင်းရောက်ရှိမှုသည် လူမွဲကိုယ်တိုင်ထံမှ လွှဲပြောင်းရရှိသည့်ကိစ္စ၌ လိုအပ်သည့်အခါမှတစ်ပါး အကြောင်းကြားရန် လိုအပ်ခြင်းမရှိစေရ။

(စ) လူမွဲပိုင်ပစ္စည်းတွင် ပါဝင်နေသော ကုန်စည်တစ်ရပ်ကို တစ်စုံတစ်ဦးက အပေါင်ပစ္စည်း သို့မဟုတ် အခြားအာမခံပစ္စည်းအဖြစ် ကိုင်ဆောင်လက်ဝယ်ထားရှိပြီး ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (င) အရ ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူက အကြောင်းကြားစာပေးပို့ခဲ့ခြင်းမရှိသည့်ကိစ္စတွင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုကုန်စည်နှင့်စပ်လျဉ်း၍ လူမွဲ၏ ပြန်လည်ရွေးနုတ်ခွင့်ကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လွှဲပြောင်းပေးရန်တာဝန်**

၂၉၂။ (က) ယုံမှတ်အပ်နှံခြင်းခံရသူမှ လက်ရောက်ရယူရန် သတ်မှတ်ထားသည့်ပစ္စည်းများ၊ စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက လက်ဝယ်ရယူထိန်းသိမ်းထားလျှင် ထိုသူသည် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရမည် -

(၁) တရားဝင်ပစ္စည်းထိန်း၊

(၂) ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ်မှ ရပ်စဲခြင်းခံရသူ သို့မဟုတ်

(၃) ဤဥပဒေအပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားခြင်းမရှိသည့် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ရပ်ဖြစ်သည့် လူမွဲနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးအကြံပေးအဖြစ် ဆောင်ရွက်နေသူ။

(ခ) ဘဏ်လုပ်ငန်းရှင် သို့မဟုတ် လူမွဲ သို့မဟုတ် ၎င်းကိုယ်စား ပစ္စည်းတစ်ရပ်ရပ်ကို ကိုင်ဆောင်ထားသူ သို့မဟုတ် ၎င်း၏အေးဂျင့်သည် ၎င်း၏လက်ဝယ် သို့မဟုတ် ၎င်းထိန်းသိမ်းမှုအောက်တွင်ရှိသော လူမွဲပိုင်ပစ္စည်း၏ အစိတ်အပိုင်းအဖြစ်ရှိနေသည့်အရာများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လူမွဲ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူကို ဆန့်ကျင်၍ လက်ဝယ်ထားခွင့်မရှိသော ပစ္စည်းများအားလုံးကို ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်လွှဲပြောင်းပေးအပ်ရမည်။

(ဂ) မည်သူမဆို ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသော တာဝန်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ဤဥပဒေဖြင့် သတ်မှတ်ထားသောပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်းခံထိုက်စေရမည်။

**လူမွဲ၏နေအိမ်အပေါ်တွင် ကြွေးမြီတာဝန် တင်ရှိခြင်း**

၂၉၃။ (က) လူမွဲ သို့မဟုတ် ၎င်း၏လက်ရှိအိမ်ထောင်ဖက် သို့မဟုတ် ၎င်း၏ယခင်အိမ်ထောင်ဖက်တစ်ဦးဦးက လက်ရှိနေထိုင်လျက်ရှိသော နေအိမ်ဥပစာသည် လူမွဲပိုင်ပစ္စည်းတွင် ပါဝင်နေပြီး ထိုပစ္စည်းကို ယုံမှတ်အပ်နှံခြင်းခံရသူက လတ်တလော ထုခွဲရောင်းချခြင်းမပြုနိုင်သည့် အနေအထားတွင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ထိုပစ္စည်းအပေါ်တွင် ကြွေးမြီတာဝန်တင်ရှိကြောင်း အမိန့်ချမှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးက ဤပုဒ်မအရ အမိန့်တစ်ရပ်ချမှတ်လျှင် ထိုကြွေးမြီတာဝန်မှ ရရှိမည့်အကျိုးအမြတ်သည် လူမွဲပိုင်ပစ္စည်းတွင် ပါဝင်စေရမည်ဖြစ်ပြီး ထိုပစ္စည်းထဲမှ တာဝန်တင်ရှိနေသည့် ကြွေးမြီပမာဏကို အခြားသောနည်းဖြင့် ပေးဆပ်နိုင်စွမ်းမရှိလျှင် ထိုအကျိုးအမြတ်ကို အခါအားလျော်စွာ အတည်ပြုဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော ပစ္စည်းပေါ်တွင်တင်ရှိနေသည့်ကြွေးမြီဆိုသည်မှာ ထိုအမိန့်ချမှတ်သည့် နေ့ရက်တွင် ထိုပစ္စည်း၌ တင်ရှိနေသော ကြွေးမြီပမာဏအဖြစ် ယင်းအမိန့်၌ ဖော်ပြပါရှိသော ကြွေးမြီပမာဏကို ဆိုလိုသည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူထံ၌ တရားဝင် လွှဲပြောင်းရောက်ရှိကြောင်း ဤပုဒ်မအရ ချမှတ်သော အမိန့်တွင် ထိုပစ္စည်းနှင့်စပ်လျဉ်း၍ တင်ရှိနေသည့် ကြွေးမြီတာဝန်နှင့် ယခင်က တင်ရှိနေသည့် ကြွေးမြီတာဝန်များကို ဖြေရှင်းဆောင်ရွက်ပြီးသည့်အခါ ထိုပစ္စည်းသည် ယုံမှတ်အပ်နှံခြင်းခံရသူက ထိန်းသိမ်းထားသော လူမွဲပိုင်ပစ္စည်းစာရင်းမှ ရပ်စဲပြီး လူမွဲထံသို့ တရားဝင် လွှဲပြောင်းပေးအပ်ကြောင်း ဖော်ပြရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၆၀/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

**အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၃၉/၂၀၁၇ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးရာထူးနေရာသို့ တိုးမြှင့်ခန့်ထားခဲ့သော ဦးကျော်ကျော်စိုး အား အစမ်းခန့်ကာလပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ပဲခူးတိုင်းဒေသကြီးကော်မတီဖွဲ့စည်းခြင်း**

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ **ပဲခူးတိုင်းဒေသကြီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေးဝန်ကြီး/တာဝန်ပေးအပ်မည့်ဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| (ဂ) | ပဲခူးတိုင်းဒေသကြီးဦးစီးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပဲခူးတိုင်းဒေသကြီးဦးစီးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ပဲခူးတိုင်းဒေသကြီးဦးစီးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ပဲခူးတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပဲခူးတိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဇ) ပဲခူးတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဈ) ပဲခူးတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန

(ည) ပဲခူးတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(ဋ) ပဲခူးတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဌ) ပဲခူးတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဍ) ပဲခူးတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ဎ) ပဲခူးတိုင်းဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ
တိုင်းဒေသကြီးဦးစီးမှူးရုံး

(ဏ) ပဲခူးတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန

(တ) ပဲခူးတိုင်းဒေသကြီးဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(ထ) ပဲခူးတိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်

(ဒ) မသန်စွမ်းကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဓ) ဦးစီးမှူး အတွင်းရေးမှူး
ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး

(န) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ပဲခူးတိုင်းဒေသကြီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံချက်တို့၏ တိုးတက်ပြောင်းလဲမှု၊ အောင်မြင်မှုနှင့် ထိရောက်မှုအတိုင်းအတာတို့ကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အဆင့်အတန်းများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(ဇ) လ ၁၄၇၆၈၉ ရဲအုပ် သက်နိုင်
ရဲလေ့ကျင့်ရေးဌာနကြီး၊
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(ဈ) လ ၁၇၂၁၄၈ ရဲအုပ် ထွန်းထွန်းယု
ရဲလေ့ကျင့်ရေးဌာနကြီး၊
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(ည) လ ၁၂၁၉၄၈ ရဲအုပ် ခင်မောင်ဦး
နေပြည်တော်ရဲတပ်ဖွဲ့

(ဋ) လ ၂၁၃၅၇၇ ရဲအုပ် ဝင်းကြည်ထွန်း
မှူခင်းရဲတပ်ဖွဲ့

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၇၅/၂၀၁၈)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ လ ၂၂၇၁၃၇ ရဲအုပ် အောင်ဘုန်းမြင့် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင် သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ ဆက်သွယ်ရေးနှင့်သတင်း နည်းပညာဌာနသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၇၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ကြွေထည်ပစ္စည်းထုတ်လုပ်ရေးဌာန (မော်လမြိုင်) မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ မုပွန်ရပ်ကွက်၊ ကွင်းအမှတ်/အမည်- (၈၄/မုပွန်)၊ ဦးပိုင်အမှတ် (၂၆ ဃ) ရှိ **မူလရှိမြေဧရိယာ ၁၀. ၀၆၂ ဧက** အနက် **မြေဧရိယာ ၀. ၀၆၉ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်တွင် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံဓာတ်အားလိုင်း၏ တာဝါတိုင် အသုံးပြုနိုင်ရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ် အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၅၈၇/၁- ကော်မတီ/မြေ (ဗဟို) / ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ကြွေထည်ပစ္စည်းထုတ်လုပ်ရေးဌာန (မော်လမြိုင်) မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၆၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၇၉/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ နောင်လက်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - (၄၀/ဝေဒူးကွင်း)၊ ဦးပိုင်အမှတ် - (၈) ရှိ **စုစုပေါင်းမြေဧရိယာ ၁. ၆၄ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင်

အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၅၇၆/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၆၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၈၀/၂၀၁၈)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၁) အကြီးစားစက်ရုံမှ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(၈/အုပ္ပိုလ်)၊ ဦးပိုင်အမှတ် - (၃၇) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၀၆၇ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် စာကြည့်တိုက်ဖွင့်လှစ်ရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ် ၁၅၈၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၁) အကြီးစားစက်ရုံမှ စာကြည့်တိုက်ဖွင့်လှစ်ရန်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၆၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၈၁/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်/အမည်- ၁၇၃၂-က/ခတောက်အိုင် (အရှေ့)၊ ဦးပိုင်အမှတ် (၂၀) ရှိ **စုစုပေါင်း မြေဧရိယာ ၆. ၆၃ ဧက** အနက်မှ **မြေဧရိယာ ၁. ၀၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၇၅၂/၁- ကော်မတီ/မြေ (ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၀၀ ဧက**ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၈၂/၂၀၁၈)

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ပုလဲ(မြောက်) ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၉၅၉ᵃ/ပုလဲ-တောင်၊ ဦးပိုင်အမှတ် (၃၄၉၊ ၃၄၅၊ ၃၅၂) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၁၄ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ

ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၆၀၃/၁-ကော်မတီ/မြေ(ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၁၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၈၃/ ၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ရေနံမကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-(၃၁-A1/ရေနံမမြောက် ရွာမကွင်း)၊ ဦးပိုင်အမှတ် (-) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၉၆ ဧက** ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်တွင် မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရန်အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၅၇၈/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ မူလပိုင်ရှင်ထံ ပြန်လည် ပေးအပ်ရန်အတွက် စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၉၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၈၄/ ၂၀၁၈)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ပေါ်တော်မူကျေးရွာအုပ်စု၊ အကွက်အမှတ်/အမည်-၁/ ဂျိုင်းရွာအကွက်၊ ဦးပိုင်အမှတ် (၁၂) ရှိ **ကြာညိုရုံဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၁. ၄၈၆ ဧကအနက်မှ **၀. ၀၄၀ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာ ဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ-၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးအောင်ထွန်းမင်း [၁၀/သထန (နိုင်) ၂၁၄၄၈၅]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့် ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၈၅/ ၂၀၁၈)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၃က/ထားဝယ်စု အကွက်)၊ ဦးပိုင်အမှတ် (၉ဆ၊ ၁၀ဗ) တို့ရှိ **သုမင်္ဂလတက်လမ်းသာသနာ့ရိပ်သာဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၁. ၈၅၂ ဧကအနက်မှ **၀. ၀၂၂ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ-၅၂ နှင့်အညီ **သိမ်ဒါယကာ ဦးတင့်ခိုင် [၁၀/ပမန (နိုင်) ၀၃၄၂၃၈]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၈၆/ ၂၀၁၈)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၊ ကံ့ကော်ရပ်ကွက်၊ အကွက်အမှတ်/အမည်-၄၁/ဖက္ကလိပ်မြောက် အကွက်၊ ဦးပိုင်အမှတ် (အစိုးရ/၁၆၇) ရှိ **မြို့မမှိုချောင်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၀. ၄၃၀ ဧကအနက်မှ **၀. ၀၂၅ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာ ဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးသိန်းဟန် [၁၀/ကထန (နိုင်) ၀၁၂၀၄၉]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၉၀/ ၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ မြောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ်/အမည်-၃၄၀/တမဆေးကုန်း၊ ဦးပိုင်အမှတ် (၂၁၀/၃)၊ **မြေဧရိယာ ၀. ၁၆၀ ဧက** အား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ **မြင်းမူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၂၉၁/ ၂၀၁၈)

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ် - ၁၂၉၇-၁/၃၊ ဦးပိုင်အမှတ် (၁)၊ **မြေဧရိယာ ၆. ၉၇၉ ဧက** အား အားကစားနှင့်ကာယပညာဦးစီးဌာန၊ **ကနီမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ဖော်ပြပါမြေအား **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၂၉၂/ ၂၀၁၈)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ် - ၂၇၅$^{၁၆၄၄}$/ဘကားကွင်း၊ ဦးပိုင်အမှတ် (H ၅၆) မှ မြေဧရိယာ ၀. ၈၈ ဧက၊ ဦးပိုင်အမှတ် (H ၅၃) မှ မြေဧရိယာ ၀. ၁၃ ဧက၊ ဦးပိုင်အမှတ် (H ၅၉) မှ မြေဧရိယာ ၆. ၂၃ ဧက၊ ဦးပိုင်အမှတ် (H ၅၂/၁) မှ မြေဧရိယာ ၀. ၁၂ ဧက၊ ဦးပိုင်အမှတ် (H ၆၀) မှ မြေဧရိယာ ၁. ၁၀ ဧက၊ ဦးပိုင်အမှတ် (F ၂၆၂) မှ မြေဧရိယာ ၀. ၂၅ ဧက၊ ဦးပိုင်အမှတ် (F ၂၉၀) မှ မြေဧရိယာ ၀. ၁၀ ဧက၊ ဦးပိုင်အမှတ် (H ၂၉၁) မှ မြေဧရိယာ ၁. ၅၈ ဧက၊ ဦးပိုင်အမှတ် (H ၂၉၂) မှ မြေဧရိယာ ၀. ၃၂ ဧက၊ **စုစုပေါင်းမြေဧရိယာ ၁၀. ၇၁ ဧက** အား အားကစားနှင့်ကာယပညာဦးစီးဌာန၊ **မြောင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ဖော်ပြပါမြေအား **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၂၉၃/ ၂၀၁၈)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၆၆/စစ်တပ်တောင်ကွင်း၊ ဦးပိုင်အမှတ်-၁၆၁၊ **မြေဧရိယာ ၁. ၀၁ ဧက** အား စီမံကိန်းနှင့် ဘဏ္ဍာရေး

ဝန်ကြီးဌာန၊ **ကယားပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၂၉၄/၂၀၁၈)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ်/ အမည်-၁-ဃ/အောင်ဇေယျ၊ ဦးပိုင်အမှတ် (၂၀/၁၆၃၁) မှ **မြေဧရိယာ ဝ. ၃၀၉ ဧက** အား မီးသတ်ဦးစီးဌာန၊ **မြင်းမူမြို့နယ်မီးသတ်ဦးစီးဌာန** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ ဖော်ပြပါမြေအား **ပြည်ထဲရေးဝန်ကြီးဌာန**သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၂၉၅/၂၀၁၈)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၂၈၁၀/တပ်မြို့တောင်ကွင်း၊ ဦးပိုင်အမှတ် (၆၂၂/၉၈၆) မှ **မြေဧရိယာ ဝ. ၃၃ ဧက** အား **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရဖော်ပြပါမြေအား **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၂၉၆/၂၀၁၈)

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်ကွက်၊ အကွက်အမှတ်/ အမည်-၇/နောင်ပကျစ်တောင်ပေါ်၊ ဦးပိုင်အမှတ် (၂၇၇)၊ **မြေဧရိယာ ဝ. ၁၈၄ ဧက** အား အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ **ဟုမ္မလင်းမြို့နယ်သတ္တုတွင်းစီမံကိန်းရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၂၉၇/၂၀၁၈)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ်/ အမည်-၁-က/မြို့မအနောက်၊ ဦးပိုင်အမှတ် (၂၇/၂)၊ **မြေဧရိယာ ဝ. ၂၁၅ ဧက** အား **မြင်းမူမြို့နယ် စာရင်းစစ်ရုံး (ဝန်ထမ်းအိမ်ရာ)** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၂၉၈/၂၀၁၈)

ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ ပုန်းထွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၉/ပုန်းထွန်အနောက်၊ ဦးပိုင်အမှတ်-၁၁၊ **မြေဧရိယာ ၀. ၄၅၉ ဧက** အား ပြည်တွင်းအခွန်များဦးစီးဌာန၊ **လင်းခေးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၁၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆၈/၂၀၁၅) ဖြင့် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်မိန့်ထုတ်ပြန်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဝွေးကုန်းကျေးရွာအုပ်စု၊ တရုတ်မော်ကြိုးဝိုင်းတော တစ်စိတ်တစ်ဒေသ၊ ကွင်းအမှတ်/အမည်-OSS/ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁) မှ မြေဧရိယာ ၂. ၈၀ ဧက၊ ဦးပိုင်အမှတ် (၂) မှ မြေဧရိယာ ၂. ၁၀ ဧက၊ ဦးပိုင်အမှတ် (၃) မှ မြေဧရိယာ ၁. ၀၀ ဧက၊ ဦးပိုင်အမှတ် (၄) မှ မြေဧရိယာ ၃. ၀၀ ဧကနှင့် ဦးပိုင်အမှတ် (၅) မှ မြေဧရိယာ ၂. ၈၀ ဧက၊ **စုစုပေါင်း မြေဧရိယာ ၁၁. ၇၀ ဧက** အား **သဲကုန်းမြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပြည်ရေနံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၁၁/၂၀၁၈)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ အေးချမ်းသာယာရပ်ကွက်၊ ကွင်းအမှတ်/အမည်-၇၀၂/ဝေါဘိုးဘိန်ကွင်း၊ မြေကွက်အမှတ်-A-၂၉၈ ရှိ **မြေဧရိယာ ၀. ၁၁၉ ဧက** အား **ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ဝေါမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၃၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ တံတားဦးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၅၄၁/ဒင်္ဂါးဆိပ်ကွင်း၊ မြေကွက်အမှတ် (၈၇၀၊ ၈၇၁၊ ၈၇၂၊ ၈၇၃၊ ၈၇၄) ရှိ **နန်းတောင်းကျောင်းကြီးဘုန်းတော်**

**ကြီးကျောင်း** အခွန်လွတ်သာသနာ **မြေဧရိယာ ၁၅. ၅၈ ဧက** အနက်မှ **၀. ၀၉ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ-၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးဘိုးမှတ် [၁၀/သထန (နိုင်) ၀၃၀၅၂၂]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၃၃၁/၂၀၁၈)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်/အမည်-၃၂/ ရေပုန်းအကွက်၊ ဦးပိုင်အမှတ် (၅၆/၅) ရှိ မြေဧရိယာ ၀. ၂၂၉ ဧကနှင့် ဦးပိုင်အမှတ် (၅၆/၆) ရှိ မြေဧရိယာ ၀. ၂၂၉ ဧက၊ **စုစုပေါင်းမြေဧရိယာ ၀. ၄၅၈ ဧက** အား **လူမှုဖူလုံရေးအဖွဲ့၊ မြိတ်မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၃၂/၂၀၁၈)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၂၃၈/၂၀၁၇) ဖြင့် နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅C၊ မြေကွက်အမှတ် - (II-၁၈-B1/စီ) ရှိ **မြေဧရိယာ ၀. ၉၉ ဧက** အား **ကုန်းလမ်းပို့ဆောင်ရေး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၃၃/၂၀၁၈)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့နယ်၊ ခိုင်ကမ်းမြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည်- (၁၁၈/၁၊ ခိုင်ကမ်း)၊ ဦးပိုင်အမှတ် (၅၂၈) ရှိ **မြေဧရိယာ ၁၃. ၇၅၆ ဧက** အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ခိုင်ကမ်းမြို့ မြို့ပြစီမံကိန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန် အတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၆၀၄/၁-ကော်မတီ/မြေ(ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည် အပ်နှံခွင့်ပြုခဲ့ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ခိုင်ကမ်းမြို့ မြို့ပြစီမံကိန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန်အတွက် စွန့်လွှတ်အပ်နှံ လာသည့် အဆိုပါ **မြေဧရိယာ ၁၃. ၇၅၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ် လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၅၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ရပ်ကွက်ရှိ မြေတိုင်းရပ်ကွက်အမှတ် - ၇G/၃၉၅၊ မြေကွက်အမှတ် - (၁၀/က^၁၊ ၁၀/ခ^၁၊ ၁၁/က၊ ၁၁/ခ၊ ၁၂၊ ၄) ရှိ **မူလရှိမြေဧရိယာ ၆. ၃၇ ဧက** အနက်မှ **မြေဧရိယာ ၅. ၀၃၃ ဧက** အား နိုင်ငံတော်သို့ ပြန်လည် စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၅၈၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅. ၀၃၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ သရုပ်ပြ (၃) ဦးအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒ ဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိက ရာထူးနေရာများသို့ စတင် သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်မေဇင်ဝင်း | သရုပ်ပြ | လက်ထောက်ကထိက |
| (ခ) | ဒေါ်ခန့်စန္ဒာထက် | သရုပ်ပြ | လက်ထောက်ကထိက |
| (ဂ) | ဒေါ်တင်နွယ်ဝင်း | သရုပ်ပြ | လက်ထောက်ကထိက |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၈/၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ သရုပ်ပြ (၃) ဦးအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၈) ၏ သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကိမိလဗေဒဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိက ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်အိမ့်သက်ထားဦး | သရုပ်ပြ | လက်ထောက်ကထိက |
| (ခ) | ဒေါ်စုထက်စံ | သရုပ်ပြ | လက်ထောက်ကထိက |
| (ဂ) | ဒေါ်နွေးအိခိုင်ဖြူ | သရုပ်ပြ | လက်ထောက်ကထိက |

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၇၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေယာဉ်စက်မှုစစ်ဆေးရေးဌာနခွဲမှ အောက်ဖော်ပြပါ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက်အင်ဂျင်နီယာ (၂) ဦးအား ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဦးခွန်အောင်ဇော်ထွန်း<br>လက်ထောက်အင်ဂျင်နီယာ | လက်ထောက်ညွှန်ကြားရေးမှူး<br>(လေယာဉ်စက်မှုစစ်ဆေးရေး)<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |
| (ခ) | ဦးဇင်ဝင်းထွန်း<br>လက်ထောက်အင်ဂျင်နီယာ | လက်ထောက်ညွှန်ကြားရေးမှူး<br>(လေယာဉ်စက်မှုစစ်ဆေးရေး)<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၇၉/၂၀၁၈)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) (၂) ဦးအား ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး** | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာနခွဲ** |
|---|---|---|
| (က) | ဦးဝေဖြိုးဟိန်း<br>လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) | အင်ဂျင်နီယာမှူး (မြို့ပြ)<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>ထိန်းသိမ်းရေးဌာနခွဲ |
| ( ခ ) | ဦးတိုးဝေလင်း<br>လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) | အင်ဂျင်နီယာမှူး (မြို့ပြ)<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>စီမံ/ဖွံ့စည်းဌာနခွဲ |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကျောက်မျက်ကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိလာစေရန်နှင့် တရားမဝင်တူးဖော်ထုတ်လုပ်မှုများ လျော့နည်းပပျောက်စေပြီး တရားဝင်တူးဖော်စေရေးအား တစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) တွင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကျောက်မျက်ရတနာ လက်လုပ်လက်စားထုတ်လုပ်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ကျောက်မျက်ရတနာ လက်လုပ်လက်စား ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ လျှောက်ထားရမည်။

၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် -

(က) လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ ပါအတိုင်း ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူပြီး လုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း၊ လျှောက်ထားသူက သတ်မှတ်ကာလအတွင်းသတ်မှတ်ထားသော ဈေးနှုန်းပေးသွင်း၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန်ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးခြင်းအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်နှင့်ညွှန်ကြားချက်များအား ဆက်လက်ညွှန်ကြားလျက် ထပ်ဆင့်ထုတ်ပြန်ပေးနိုင်သည်။

(ဂ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သဘောတူသတ်မှတ်ပေးသည့် ဧရိယာတွင် လက်လုပ်လက်စားလုပ်ကွက်များအဖြစ် အကွက်ရိုက်သတ်မှတ်ပေးရမည်။

(ဃ) လက်လုပ်လက်စားလုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးနိုင်ရန် ရွေးချယ်မှုစနစ်ကို သတ်မှတ်ပေးရမည်။

၄။ ကျောက်မျက်ရတနာ လက်လုပ်လက်စား တူးဖော်လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ ခွင့်ပြုမိန့်လျှောက်ထားရာတွင် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထာပေးရေးအဖွဲ့က သတ်မှတ်သည့် ဒေသခံပုဂ္ဂိုလ် ဖြစ်ရမည်။

(ခ) လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးထားသော သတ်မှတ်လျှောက်လွှာပုံစံဖြင့် တင်ပြရမည်။

(ဂ) အောက်ပါ အထောက်အထားများ တင်ပြရမည် -

(၁) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ လိုင်စင်ဓာတ်ပုံ (၂) ပုံ၊

(၂) လျှောက်ထားသူ အမြဲတမ်းနေထိုင်ရာ နယ်မြေရှိရဲစခန်း၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက် (မူရင်း)၊

(၃) အိမ်ထောင်စုစာရင်း ပုံစံ (၆၆/၆) မိတ္တူမှန်၊

(၄) ကျောက်မျက်ရတနာ/သတ္တုအကြီးစား၊ အလတ်စား၊ အသေးစားတူးဖော်ထုတ်လုပ်ခွင့် ရရှိထားသူမဟုတ်ကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်ထားသည့် လက်လုပ်လက်စား လုပ်ကွက်များကိုသာ လျှောက်ထားရမည်။

(င) လုပ်ကွက်အရေအတွက် (၃) ကွက်ထက်ပို၍ လျှောက်ထားခြင်းမပြုရ။

(စ) လုပ်ကွက်များလျှောက်ထားရာတွင် လုပ်ကွက် (၁) ကွက်လျှင် အာမခံစပေါ်ငွေ ကျပ် ၅ သိန်း ပေးသွင်းရမည်။

(ဆ) အဆိုပြုလွှာများကို သတ်မှတ်ရက်အတွင်း တင်သွင်းရမည်။

(ဇ) ဆက်စပ်ဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

၅။ ကျောက်မျက်ရတနာလက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ပါရှိသော စည်းကမ်းများကို လိုက်နာရမည်။

(ခ) ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရာတွင် မြင်းကောင်ရေ (၂၅) ကောင်ထက် မပိုသော စက်ကိရိယာများနှင့် စက်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ အသုံးပြုရမည်။

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေအရ သတ်မှတ်ထားသော စည်းကမ်းချက်များကိုတိကျစွာလိုက်နာ၍ ဆောင်ရွက်ခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

(ဃ) လုပ်ကိုင်ခွင့်ပြုမိန့်ရ လုပ်ကွက်ဧရိယာအတွင်း ကျောက်မျက်ရတနာများကို ခွင့်ပြုမိန့်ပါစည်းကမ်းချက်နှင့်အညီ ခွင့်ပြုမိန့်ရရှိသူကိုယ်တိုင် လုပ်ကိုင်ရမည်။

(င) လုပ်ကိုင်ခွင့်ပြုမိန့်ရ လုပ်ကွက်ဧရိယာအတွင်း ကျောက်မျက်ရတနာလက်လုပ်လက်စား ထုတ်လုပ်ခြင်းကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ရမည်။

(စ) မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်သည့်အခွန်အခများနှင့် ရတနာခွန်များကို စနစ်တကျပေးဆောင်ရမည်။

(ဆ) တူးဖော်ခွင့်ရ လက်လုပ်လက်စားလုပ်ကွက်များကို တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ လုပ်ကိုင်စေခြင်းမပြုရ။

(ဇ) ခွင့်ပြုထားသည့် ကျောက်မျက်ရတနာမှအပ ဓာတ်သတ္တုများ တူးဖော်ခွင့်မပြုရ။ ဓာတ်သတ္တုများ တူးဖော်တွေ့ရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများသို့ သတင်းပို့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

(ဈ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က သတ်မှတ်ထားသော ညွှန်ကြားချက်များကို လိုက်နာရမည်။

(ည) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်ရေးအတွက် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းမပြုဘဲ ခွင့်ပြုမိန့်အသစ်ထုတ်ပေးရန်သာ လျှောက်ထားခွင့်ရှိသည်။

(ဋ) လုပ်ကွက်အတွင်း သစ်တောသစ်ပင်များကို တတ်နိုင်သမျှ ချန်လှပ်၍ လုပ်ငန်းလုပ်ကိုင်ရမည်။

၆။ ကျောက်မျက်ရတနာ လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ စစ်ဆေးကြီးကြပ်မှုဖြင့် အောက်ပါတို့ကို တိကျစွာ လိုက်နာဆောင်ရွက်ရမည် -

(က) မြစ်ချောင်းများအတွင်း ရေကြောင်းလွှဲပြောင်းတူးဖော်ခြင်း၊ ပိတ်တန်းများပြုလုပ်၍တူးဖော်ခြင်း၊ ဆင်းတွင်းနှင့်ကလိုင်များ ပြုလုပ်တူးဖော်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် တူးဖော်ခြင်းမပြုရ။

(ခ) တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များ၊ မြစ်ချောင်းများနှင့် သဘာဝရေဝေရေလဲနေရာများတွင် မြေစာနှင့်ကျောက်တုံး၊ ကျောက်ခဲများစွန့်ပစ်ခြင်း လုံးဝမပြုရ။

(ဂ) မျှောစင်များပြုလုပ်၍ ရေပန်းထိုးရှာဖွေခြင်း၊ ရေပန်းထိုး၍ မျှောတိုက်ခြင်းများဆောင်ရွက်ရာတွင် နုန်းစုကန်၊ ရေစစ်ကန်၊ ရေကြည်ကန်များ စနစ်တကျပြုလုပ်၍ ဖြတ်သန်းစေပြီး သန့်စင်ပြီးသည့် ရေများကိုသာ မြစ်ချောင်းများအတွင်းသို့ စီးဝင်စေရမည်။

(ဃ) တူးဖော်ဆဲနှင့်တူးဖော်ပြီးပါက တူးဖော်ပြီးနေရာများကို မြေပြန်လည်ပြုပြင်ခြင်း၊ ဒေသနှင့်ကိုက်ညီသည့် အပင်များ ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ကျောက်မျက်ရတနာ လက်လုပ်လက်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူအား မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ သက်ဆိုင်သည့် အခွန်အခများကို ပေးဆောင်စေရန်နှင့် ယင်းဥပဒေအရ ရရန်ရှိသောငွေများကို ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိအား တည်ဆဲဥပဒေများပါ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အရကောက်ခံရေး တာဝန်ပေးဆောင်ရွက်စေရမည်။

၈။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ လက်လုပ်လက်စားလုပ်ကိုင်ခွင့်ပြုသည့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၁၈

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် **လုံးခင်း၊ ဖားကန့်ရတနာနယ်မြေနှင့် မော်လူး-မော်ဟန် ရတနာနယ်မြေ (မော်ဟန်ဒေသ)** အတွင်း ကျောက်မျက်ရတနာလက်လုပ်လက်စား ခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၃-က နှင့် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ)

တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **ကချင်ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ခ) ဝန်ကြီး — ဒု-ဥက္ကဋ္ဌ
စည်ပင်သာယာရေးဝန်ကြီးဌာန
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကချင်ပြည်နယ်

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ကချင်ပြည်နယ်

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
ကချင်ပြည်နယ်

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ကချင်ပြည်နယ်

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
ကချင်ပြည်နယ်

(ဇ) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး
မိုးညှင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကချင်ပြည်နယ်

(စျ) တာဝန်ခံအရာရှိ — တွဲဖက်အတွင်းရေးမှူး (၁)
ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)

(ည) တာဝန်ခံအရာရှိ — တွဲဖက်အတွင်းရေးမှူး (၂)
ကျောက်စိမ်းတူးဖော်ရေးဌာန (မိုးညှင်း)

၂။ ကချင်ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လုပ်ကိုင်စေရန် စီမံခန့်ခွဲခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်ကွပ်ကဲခြင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

**အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၁၈**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် **မိုးကုတ်ရတနာနယ်မြေ (မိုးမိတ်ဒေသ) နှင့် မိုင်းရှူးရတနာနယ်မြေ** အတွင်း ကျောက်မျက်ရတနာလက်လုပ်လက်စား ခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၃-က နှင့် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **ရှမ်းပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ခ) ဝန်ကြီး — ဒု-ဥက္ကဋ္ဌ
စည်ပင်သာယာရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရှမ်းပြည်နယ်

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ရှမ်းပြည်နယ်

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
ရှမ်းပြည်နယ်

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရှမ်းပြည်နယ်

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
ရှမ်းပြည်နယ်

(ဇ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
ရှမ်းပြည်နယ်

(ဈ) မြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိုးမိတ်မြို့

(ည) မြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိုင်းရှူးမြို့

(ဋ) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး (၁)
မိုးမိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရှမ်းပြည်နယ်

(ဎ) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး — အတွင်းရေးမှူး (၂)
လွိုင်လင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရှမ်းပြည်နယ်

(ဏ) တာဝန်ခံအရာရှိ — တွဲဖက်အတွင်းရေးမှူး (၁)
ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)

(တ) တာဝန်ခံအရာရှိ — တွဲဖက်အတွင်းရေးမှူး (၂)
ကျောက်မျက်တူးဖော်ရေးဌာန (မိုင်းရှူး)

၂။ ရှမ်းပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လုပ်ကိုင်စေရန် စီမံခန့်ခွဲခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်ကွပ်ကဲခြင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

## အမိန့်ကြော်ငြာစာအမှတ် ၈၉/၂၀၁၈

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် **ခန္တီးရတနာနယ်မြေနှင့် မော်လူး-မော်ဟန် ရတနာနယ်မြေ (မော်လူးဒေသ)** အတွင်း ကျောက်မျက်ရတနာလက်လုပ်လက်စား ခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၃-က နှင့် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **စစ်ကိုင်းတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ
စိုက်ပျိုးရေး/မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ဝန်ကြီး — ဒု-ဥက္ကဋ္ဌ
စည်ပင်သာယာရေးဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဇ) ခရိုင်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး (၁)
ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဈ) ခရိုင်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး (၂)
ကသာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ည) တာဝန်ခံအရာရှိ တွဲဖက်အတွင်းရေးမှူး (၁)
ကျောက်စိမ်းတူးဖော်ရေးဌာန (ခန္တီး)

(ဋ) တာဝန်ခံအရာရှိ တွဲဖက်အတွင်းရေးမှူး (၂)
ကျောက်စိမ်းတူးဖော်ရေးဌာန (မိုးညှင်း)

၂။ စစ်ကိုင်းတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် -

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လုပ်ကိုင်စေရန် စီမံခန့်ခွဲခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်ကွပ်ကဲခြင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၃။ ခန္တီးရတနာနယ်မြေအတွက် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၈ ဖြင့် ဖွဲ့စည်းထားသည့် စစ်ကိုင်းတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၉၀/၂၀၁၈

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် **မိုးကုတ်ရတနာနယ်မြေ** အတွင်း ကျောက်မျက်ရတနာလက်လုပ်လက်စားခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၃-က နှင့် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **မန္တလေးတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဝန်ကြီး ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ဝန်ကြီး | ဒု-ဥက္ကဋ္ဌ
စည်ပင်သာယာရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဂ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

(ဃ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

(င) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
သစ်တောဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

(စ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

(ဆ) ညွှန်ကြားရေးမှူး | အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

(ဇ) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး | အတွင်းရေးမှူး
ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဈ) တာဝန်ခံအရာရှိ | တွဲဖက်အတွင်းရေးမှူး
ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)

၂။ မန္တလေးတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် -

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လုပ်ကိုင်စေရန် စီမံခန့်ခွဲခြင်း၊ စဉ်ဆက်မပြတ်စောင့်ကြည့်ကွပ်ကဲခြင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

## အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၁၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာလက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှ အခွန်အခများကောက်ခံခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း အပိုဒ် ၄၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ အပိုဒ်ခွဲ (ဈ) တွင် **ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက် ရတနာအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း** ဟု လည်းကောင်း၊ ဇယား ၅၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့်အခွန်အခများ အပိုဒ် ၃၁ တွင် **ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာအခွန် အခများ** ဟုလည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၅၄၊ ပုဒ်မခွဲ (က) တွင် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဇယား ၅ ပါ အခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းရမည်** ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ကျောက်မျက်ရတနာလုပ်ငန်းများမှ ကောက်ခံမည့်အခွန်အခ များနှင့်စပ်လျဉ်း၍ **ရတနာခွန်** ကို ယင်းဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရ တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်သော တန်ဖိုးအပေါ် အခြေပြု၍ သတ်မှတ်ရာခိုင်နှုန်းအတိုင်း မြန်မာငွေဖြင့် ပေးဆောင်ရန်ဟုလည်းကောင်း၊ **လုပ်ကွက်အဆိုပြုငွေ** ကို ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလအတွင်းပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရန်ဟုလည်းကောင်း၊ **ဝန်ဆောင်ခ** ကို ပုဒ်မ ၂၈ အရ ကျောက်မျက်ရတနာအရိုင်းဖြစ်ပါက အမှန်တကယ် ရောင်းချသည့် တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ပေးဆောင်ရန်နှင့် ပုဒ်မ ၂၉ အရ ကျောက်မျက် ရတနာ အချောထည်၊ လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်ထားသော ပစ္စည်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ တစ်ရာခိုင်နှုန်းကိုပေးဆောင်ရန်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာလက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းမှ ရရှိသည့် အခွန်အခများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သတ္တုတွင်းဦးစီးဌာန (ရုံးခွဲ) သို့ ပေးဆောင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရမည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြေရှင်းရန်အတွက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့်

ရန်ကုန်တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်လွင်လွင်မြင့် **အစား** ဦးကိုကိုနိုင် အား အောက်ပါအတိုင်း အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးဖေသိန်းမြင့်<br>ဦးစီးအရာရှိ (ငြိမ်း)<br>ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး | ဥက္ကဋ္ဌ |
| (ခ) | ဦးမြတ်သင်းအောင် (ပိုင်ရှင်)<br>AA Group of Co., Ltd<br>လှိုင်သာယာမြို့နယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာခင်မောင်အေး (ပိုင်ရှင်)<br>လက်ဝါးအထည်ချုပ်စက်ရုံ<br>လှိုင်သာယာမြို့နယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ကျင်အေး (ပိုင်ရှင်)<br>ဟန်ဂျင်းအထည်ချုပ်စက်ရုံ<br>ရွှေပြည်သာမြို့နယ် | အဖွဲ့ဝင် |
| (င) | ဦးစောတင်<br>ဆိပ်ကမ်းမြို့နယ် ပြည်တွင်းရေကြောင်းအခြေခံအလုပ်သမားအဖွဲ့အစည်း | အဖွဲ့ဝင် |
| (စ) | ဦးကျင်သိန်း<br>မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (ငြိမ်း)<br>လှိုင်မြို့နယ် | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်ကျော်ထွန်းနိုင်ဦး<br>ဗဟိုကော်မတီဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ<br>အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်ဇေယျ<br>ညွှန်ကြားရေးမှူး<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးကျော်ရီဦး<br>လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်<br>ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)<br>လူမှုဖူလုံရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဦးကိုကိုနိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊<br>တိုင်းဒေသကြီးရုံး၊ ရန်ကုန်တိုင်းဒေသကြီး | အတွင်းရေးမှူး |

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါ ဦးစီးမှူး/စာရင်းကိုင် (၁) (၄) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစတင်၍ ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်တင်မိုးဝင်း ၁၂/ရကန (နိုင်) ၀၄၈၅၉၃
(ခ) ဒေါ်သန်းသန်းရွှေ ၁၂/သလန (နိုင်) ၀၃၆၆၈၁
(ဂ) ဒေါ်ဝင်းဝင်းကြည် ၁၂/မရက (နိုင်) ၀၈၁၆၉၉
(ဃ) ဦးအောင်နိုင်-၁ ၇/ပခန (နိုင်) ၁၄၀၁၈၇

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အောက်ပါ ဦးစီးမှူး (၂) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစတင်၍ ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်စန်းစန်းဝင်း ၁၂/သလန (နိုင်) ၀၀၂၀၃၃
(ခ) ဦးမျိုးဟိန်း ၁၂/သကတ (နိုင်) ၁၈၉၉၆၁

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၁၁ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**စပါး၊ ဆန်နှင့် ပဲမျိုးစုံ ကြိတ်ခွဲစက်များ တည်ဆောက်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းဆိုင်ရာအမိန့်ကို ရုပ်သိမ်းသည့် အမိန့်ကြော်ငြာစာ**

၁။ ဤအမိန့်ကြော်ငြာစာကို စပါး၊ ဆန်နှင့် ပဲမျိုးစုံကြိတ်ခွဲစက်များ တည်ဆောက်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းဆိုင်ရာအမိန့်ကို ရုပ်သိမ်းသည့် အမိန့်ကြော်ငြာစာဟု ခေါ်တွင်စေရမည်။

၂။ ယခင်ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် စပါး၊ ဆန်နှင့် ပဲမျိုးစုံကြိတ်ခွဲစက်များ တည်ဆောက်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းဆိုင်ရာအမိန့် အမိန့်အမှတ် ၁/၈၉ နှင့် ယင်းအမိန့်အရ ထုတ်ပြန်ခဲ့သော ညွှန်ကြားစာများကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

(ပုံ) ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၁/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) စားပွဲတင်အစီအစဉ် (၄) ၌ သဘောတူညီချက်အရ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲတွင် ညွှန်ကြားရေးမှူးတာဝန် ပူးတွဲထမ်းဆောင်စေခဲ့သော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးအောင်သူသူအား ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၃/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) အစီအစဉ် (၅) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရွှေဘိုတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ဝင်းမြင့်ဦး အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၄/၂၀၁၈)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) အစီအစဉ် (၆) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမြင့်မြင့်သန်း အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၅/၂၀၁၈)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) အစီအစဉ် (၄) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ပဲခူးတက္ကသိုလ်၊ ပထဝီဝင်ဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမင်းအောင်ပန်း အား ပါမောက္ခ (ဌာနမှူး) အဖြစ် တာဝန်ယူနေရသူဖြစ်ခြင်း၊ နေ့သင်တန်းစာမေးပွဲတာဝန်များ အဝေးသင်အနီးကပ်သင်တန်းများနှင့် နေ့သင်တန်းစာစစ်ခြင်း၊ အဝေးသင် သင်တန်းစာစစ်ခြင်းလုပ်ငန်းများနှင့် အခြားသော တက္ကသိုလ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လိုအပ်ခြင်းတို့ကြောင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်ပြီးနောက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှစ၍ ငြင်းပယ်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် (၂၃၃) (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၇/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) အစီအစဉ် (၇) ၌ သဘောတူညီချက်အရ အခြေခံပညာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီ အား ပညာရေး ဌာနတွင် မူလတန်းပြမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အထိ အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ပြီး အတွေ့အကြုံ ရင့်ကျက်သူတစ်ဦးဖြစ်ခြင်း၊ လုပ်ငန်းများကျွမ်းကျင်နိုင်နင်းခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်းတို့ကြောင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်ပြီးနောက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှစ၍ ငြင်းပယ်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် (၂၃၃) (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၈/၂၀၁၈)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) စားပွဲတင်အစီအစဉ် (၃) ၌ သဘောတူညီချက်အရ အခြေခံပညာဦးစီးဌာန (ရုံးချုပ်) နှင့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးတွင် ညွှန်ကြားရေးမှူးတာဝန် ပူးတွဲထမ်းဆောင်စေခဲ့သော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ညွှန်ကြားရေးမှူး လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထား လိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဦးကျော်ဝင်း | ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်းကြီးကြပ်အကဲဖြတ်) **(ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးကျောထောက်၍ ညွှန်ကြားရေးမှူးတာဝန်)** ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး | ညွှန်ကြားရေးမှူး (စီမံ) ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး |
| (ခ) | ဒေါ်ခင်သန်းနွဲ့ | ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာ) (ညွှန်ကြားရေးမှူး တာဝန်) ကချင်ပြည်နယ် ပညာရေးမှူးရုံး | ညွှန်ကြားရေးမှူး ကချင်ပြည်နယ် ပညာရေးမှူးရုံး |
| (ဂ) | ဦးတိုးဝင်း | ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်းနှင့်စာရင်းအင်း) (ညွှန်ကြားရေးမှူး တာဝန်) အခြေခံပညာဦးစီးဌာန (ရုံးချုပ်) | ညွှန်ကြားရေးမှူး (စီမံကိန်းနှင့်စာရင်းအင်း) အခြေခံပညာဦးစီးဌာန (ရုံးချုပ်) |
| (ဃ) | ဒေါက်တာ တင်ယုယုအေး | ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း/သင်တန်း) (ညွှန်ကြားရေးမှူး တာဝန်) အခြေခံပညာဦးစီးဌာန (ရုံးချုပ်) | ညွှန်ကြားရေးမှူး (ပညာ) အခြေခံပညာဦးစီးဌာန (ရုံးချုပ်) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၉/၂၀၁၈)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈) စားပွဲတင်အစီအစဉ် (၃) ၌ သဘောတူညီချက်အရ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ) မှ ဒုတိယကျောင်းအုပ်ကြီးရာထူးကို ကျောထောက်နောက်ခံပြု၍ အခြေခံပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးတာဝန် ပူးတွဲထမ်းဆောင်စေခဲ့သော ဒုတိယညွှန်ကြားရေးမှူး (နယ်စပ်) လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်ခင်သူဇာအေး အား နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ) မှ ဒုတိယကျောင်းအုပ်ကြီးရာထူးကို ရယူလျက် အခြေခံပညာဦးစီးဌာန (ရုံးချုပ်) တွင် ညွှန်ကြားရေးမှူး လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

အမှတ် ၇၃ ။ ။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် စက်ပစ္စည်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၈) ဆုံးဖြတ်ချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒု-တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူး၊ ဌာနသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၁၅၂၈၅ | ဒေါက်တာမျိုးသန့်ခိုင်<br>M.Med.Sc (PH)<br>ဒု-တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (စီမံ/ဘဏ္ဍာ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်<br>(နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ရာထူးအင်အားဖြင့်) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ညွှန်ကြားရေးမှူးသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

အမှတ် ၇၄ ။ ။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကုသရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဦး (တဆ-၇၁၂) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၈) နှင့် (၈၉) တို့အရ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ

၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

အမှတ် ၇၅ ။ ။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) ဆုံးဖြတ်ချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| ဆမ | အမည်၊ ရာထူး၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၁၃၈၈၃ | ဒေါက်တာမြင့်ကျော်<br>Dip. D & STD<br>M.Med.Sc (PH)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>လားရှိုးမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ အောက်ဖော်ပြပါ လက်ထောက်အထွေထွေမန်နေဂျာ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၃) ဦးတို့အား မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်တင်နွဲ့ရီ

(၂) ဒေါ်နွယ်နွယ်ဦး

(၃) ဒေါ်မိုးမိုးအောင်

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၁၈

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀) ဒေါ်ပန်းအိဖြူ အား ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၈) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ် အား စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၈၆/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အာဆီယံ - အိန္ဒိယ ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ်အရ အာဆီယံ-အိန္ဒိယ လွတ်လပ်သောကုန်သွယ်မှုနယ်မြေကို ထူထောင်ရန်အလို့ငှာ ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေအခန်း (၂)၊ ပုဒ်မ ၃ နှင့် ၄ တို့တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ပူးတွဲပါ မြန်မာနိုင်ငံ၏ အကောက်ခွန်နှုန်းလျှော့ချ/ဖယ်ရှားမှုအစီအစဉ် (Myanmar's Tariff Reduction Schedules for Products under the Trade in Goods Agreement of the Framework Agreement on Comprehensive Economic Co-operation between the Association of Southeast Asian Nations and the Republic of India) ကို ပြဋ္ဌာန်းသတ်မှတ်လိုက်သည်။

၂။ အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းသတ်မှတ်ချက်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ အကျိုး သက်ရောက်စေရမည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

## Myanmar's Tariff Reduction Schedule for ASEAN India FTA

| AHTN 2012 | Stat. Code | Description | Unit of Quantity 2012 | MFN Rate 2012 | Category | 1/1/2010 | 1/1/2011 | 1/1/2012 | 1/1/2013 | 1/1/2014 | 1/1/2015 | 1/1/2016 | 1/1/2017 | 1/1/2018 | 12/31/2018 | 1/1/2019 | 1/1/2020 | 1/1/2021 | 12/31/2021 | 1/1/2022 | 1/1/2023 | 1/1/2024 |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **01** | | **LIVE ANIMALS** | | | | | | | | | | | | | | | | | | | | |
| 01.01 | | Live horses, asses, mules and hinnies. | | | | | | | | | | | | | | | | | | | | |
| | | - Horses : | | | | | | | | | | | | | | | | | | | | |
| 0101.21.00 | 00 | - - Pure-bred breeding | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.29.00 | 00 | - - Other | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.30 | | - Asses: | | | | | | | | | | | | | | | | | | | | |
| 0101.30.10 | 00 | - - Pure-bred breeding | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.30.90 | 00 | - - Other | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0101.90.00 | 00 | - Other | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 01.02 | | Live bovine animals. | | | | | | | | | | | | | | | | | | | | |
| | | - Cattle: | | | | | | | | | | | | | | | | | | | | |
| 0102.21.00 | 00 | - - Pure-bred breeding | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.29 | | - - Other: | | | | | | | | | | | | | | | | | | | | |
| 0102.29.10 | 00 | - - - Male cattle | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.29.90 | 00 | - - - Other | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| | | - Buffalo: | | | | | | | | | | | | | | | | | | | | |
| 0102.31.00 | 00 | - - Pure-bred breeding | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.39.00 | 00 | - - Other | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.90 | | - Other: | | | | | | | | | | | | | | | | | | | | |
| 0102.90.10 | 00 | - - Pure-bred breeding | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 0102.90.90 | 00 | - - Other | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |
| 01.03 | | Live swine. | | | | | | | | | | | | | | | | | | | | |
| 0103.10.00 | 00 | - Pure-bred breeding animals | u | zero | N1 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 | 0 |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁၆/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်းရှိ မြန်အောင်ရေနံမြေနှင့် ရွှေပြည်သာရေနံမြေတို့ကို ဆက်သွယ်ထားသော အလျား (၁၆) မိုင်၊ အကျယ် (၂၀-၃၀) ပေရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနပိုင်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (က) | လမ်းပိုင်းအမည် | - မြန်အောင်ရေနံမြေနှင့် ရွှေပြည်သာရေနံမြေတို့ကို ဆက်သွယ်ထားသောလမ်း |
| (ခ) | လမ်းအရှည် | - (၁၆) မိုင် (၀) ဖာလုံ |
| (ဂ) | စတင်သည့်နေရာ | - မြန်အောင်မြို့နယ် |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - ရွှေပြည်သာ |
| (င) | လမ်းနယ်နိမိတ်အကျယ် | - (၂၀-၃၀) ပေ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းအရှည်စုစုပေါင်းကို (၃၉၅၃ မိုင် ၆. ၃၈ ဖာလုံ) ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါလမ်းကို လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (က) | လမ်းပိုင်းအမည် | - စေတီပြင်ကျေးရွာသွားသည့်အပိုင်း |
| (ခ) | လမ်းအရှည် | - (၁) မိုင် (၇) ဖာလုံ (သို့မဟုတ်) (၃. ၀၂) ကီလိုမီတာ |
| (ဂ) | စတင်သည့်နေရာ | - ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ စေတီပြင်ကျေးရွာ၊ ရသေ့တောင်မြို့နယ် |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - (၁) မိုင် (၇) ဖာလုံ (သို့မဟုတ်) (၃. ၀၂) ကီလိုမီတာ စေတီပြင်ကျေးရွာ ရသေ့တောင်မြို့နယ် |

၂။ အဆိုပါလမ်းပိုင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း (၉) မိုင်တွင် ပေါင်း၍ (၁၀) မိုင် (၇) ဖာလုံ (သို့မဟုတ်) (၁၇. ၅) ကီလိုမီတာအဖြစ် ပြင်ဆင်သတ်မှတ်သွားရန်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရခိုင်ပြည်နယ်အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို (၁၁၉၀ မိုင် ၇ ဖာလုံ ၄၆၆ ပေ) (သို့မဟုတ်) (၁၉၁၆. ၆၆၉) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂၀/၂၀၁၈)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါလမ်းကို လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - မကျေးငူ-ကျောက်ချွန်လမ်း

(ခ) လမ်းအရှည် - (၉) မိုင် (၆) ဖာလုံ (သို့မဟုတ်) (၁၅. ၆၉) ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ
ဂွမြို့နယ်

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - (၉) မိုင် (၆) ဖာလုံ (သို့မဟုတ်) (၁၅. ၆၉) ကီလိုမီတာ
ဂွမြို့နယ်

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရခိုင်ပြည်နယ်အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို (၁၁၈၉ မိုင် ၀ ဖာလုံ ၂၂၆ ပေ) (သို့မဟုတ်) (၁၉၁၃. ၅၈) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂၁/၂၀၁၈)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါလမ်းကို လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - ထန်းတပင်-အုန်းပင်-မြို့စိုး-သံလျှက်စွန်းလမ်း

(ခ) လမ်းအရှည် - (၂၆) မိုင် (၄) ဖာလုံ (သို့မဟုတ်) (၄၂. ၆၅) ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ
သီရိဟေမာရပ်ကွက်
ထန်းတပင်မြို့

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၂၆/၄ မိုင် (သို့မဟုတ်) (၄၂. ၆၅) ကီလိုမီတာ
သံလျှက်စွန်းရွာ
ထန်းတပင်မြို့နယ်

(င) လမ်းနယ်နိမိတ်အကျယ် - ၇၅ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို (၁၁၂၆ မိုင် ၆ ဖာလုံ ၂၂၆ ပေ) (သို့မဟုတ်) (၁၈၁၃. ၃၉) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂၂/၂၀၁၈)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါလမ်းကို လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - ဇရပ်ကြီး-ကင်မွန်းချို-မြို့စိုးလမ်း

(ခ) လမ်းအရှည် - (၆) မိုင် (၃) ဖာလုံ (သို့မဟုတ်) (၁၀. ၂၆) ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ
ကင်မွန်းချုံကျေးရွာ
ထန်းတပင်မြို့နယ်

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၆ မိုင် (၃) ဖာလုံ (သို့မဟုတ်) (၁၀. ၂၆) ကီလိုမီတာ
မြို့စိုးကျေးရွာ
ထန်းတပင်မြို့နယ်

(င) လမ်းနယ်နိမိတ်အကျယ် - ၇၅ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို (၁၁၃၃ မိုင် ၁ ဖာလုံ ၂၂၆ ပေ) (သို့မဟုတ်) (၁၈၂၃. ၆၆) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂၃/၂၀၁၈)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါလမ်းကို လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - တလိုင်းအိုင်-ကျောက်ကြီးပေါက်လမ်း

(ခ) လမ်းအရှည် - ၃ မိုင် ၃ ဖာလုံ (သို့မဟုတ်) (၅. ၄၃) ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ
တလိုင်းအိုင်ကျေးရွာ
ထန်းတပင်မြို့နယ်

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၃/၃ မိုင် (သို့မဟုတ်) (၅. ၄၃) ကီလိုမီတာ
ကျောက်ကြီးပေါက်ကျေးရွာ
ထန်းတပင်မြို့နယ်

(င) လမ်းနယ်နိမိတ်အကျယ် - ၁၈-၂၀ ပေ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ပဲခူးတိုင်းဒေသကြီး အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို (၁၁၃၆ မိုင် ၄ ဖာလုံ ၅၈၆ ပေ) (သို့မဟုတ်) (၁၈၂၉. ၂၀) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်အတွင်းရှိ အောက်ဖော်ပြပါလမ်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးပြီးဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည် -

(က) လမ်းပိုင်းအမည် - မင်းကုန်းအုတ်စက်ရုံသို့အဝင်လမ်း
(ပျဉ်းမနား-တောင်ညိုလမ်း၏
မိုင် ၁၆/၄ - ၁၇/၁ အကြား
မူလလမ်းဟောင်းအပိုင်း)

(ခ) လမ်းအရှည် - ၀ မိုင် ၅ ဖာလုံ (သို့မဟုတ်) (၁. ၀၁) ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ
ပျဉ်းမနား - တောင်ညိုလမ်း၏
မိုင်တိုင်အမှတ် ၁၆/၄ (မူလလမ်းဟောင်းအပိုင်း)
မင်းကုန်းရွာ

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၀ မိုင် ၅ ဖာလုံ (သို့မဟုတ်) (၁. ၀၁) ကီလိုမီတာ
ပျဉ်းမနား - တောင်ညိုလမ်း၏
မိုင်တိုင်အမှတ် ၁၇/၁ (မူလလမ်းဟောင်းအပိုင်း)
ကျွဲရှင်းရွာ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ လမ်းအရှည်စုစုပေါင်းကို (၂၁၉ မိုင် ၂ ဖာလုံ) (သို့မဟုတ်) (၃၅၂. ၈၅) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၁/၂၀၁၈)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါလမ်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ လွှဲပြောင်းပေးပြီးဖြစ်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည် -

(က) လမ်းပိုင်းအမည် - အောင်ဇေယျတံတားချဉ်းကပ်လမ်း

(ခ) လမ်းအရှည် - (၃) မိုင် (၀) ဖာလုံ (၅၈၀) ပေ (သို့မဟုတ်)
(၆. ၂၄) ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ
လှိုင်သာယာမြို့နယ်

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - (၃) မိုင် (၀) ဖာလုံ (၅၈၀) ပေ (သို့မဟုတ်)
(၆. ၂၄) ကီလိုမီတာ
လှိုင်သာယာမြို့နယ်

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လမ်းအရှည်စုစုပေါင်းကို (၆၅၆ မိုင် ၁ ဖာလုံ ၃၆၆ ပေ) (သို့မဟုတ်) (၁၀၅၆. ၀၄၂) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါလမ်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ လွှဲပြောင်းပေးပြီးဖြစ်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည် -

(က) လမ်းပိုင်းအမည် - ရွှေပြည်သာတံတားချဉ်းကပ်လမ်း

(ခ) လမ်းအရှည် - ၄ မိုင် ၇ ဖာလုံ ၃၃၀ ပေ (သို့မဟုတ်)
(၈. ၆၅) ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ
လှိုင်သာယာမြို့နယ်

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၄ မိုင် ၇ ဖာလုံ ၃၃၀ ပေ (သို့မဟုတ်)
(၈. ၆၅) ကီလိုမီတာ
လှိုင်သာယာမြို့နယ်

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လမ်းအရှည်စုစုပေါင်းကို (၆၅၁ မိုင် ၂ ဖာလုံ ၃၆ ပေ) (သို့မဟုတ်) (၁၀၄၈. ၀၈၅) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၈၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) (၂) ဦးတို့အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၇/၂၀၁၈) ၏ ဆုံးဖြတ်ချက်အရ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ တိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | လက်ရှိနေရာ |
|---|---|---|
| (က) | ဦးစိုးစိုးဦး<br>ဆ/၃၇၀၈ | နိုင်ငံတကာဆက်ဆံရေးနှင့်ဥပဒေဌာနခွဲ |
| (ခ) | ဦးကျော်မင်းနောင်<br>ဆ/၃၇၁၈ | စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေး<br>ထိန်းသိမ်းရေးဌာနခွဲ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၉၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်အတွင်းရှိ အောက်ဖော်ပြပါ လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးပြီးဖြစ်၍ လမ်းဦးစီးဌာနပိုင်လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည် -

(က) လမ်းပိုင်းအမည် - ဂန့်ဂေါ-စိုင်ဒူး-ဇာဟော-အန်တာလမ်း

(ခ) လမ်းအရှည် - ၂၁ မိုင် ၄ ဖာလုံ (သို့မဟုတ်)
(၃၄. ၆၀) ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ
စိုင်ဒူးရွာ

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၂၁ မိုင် ၄ ဖာလုံ (သို့မဟုတ်) (၃၄. ၆၀) ကီလိုမီတာ အန်တာရွာ

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော မကွေးတိုင်းဒေသကြီး အတွင်းရှိ လမ်းအရှည်စုစုပေါင်းကို (၂၁၆၆ မိုင် ၁ ဖာလုံ ၄၉၆ ပေ) (သို့မဟုတ်) (၃၄၈၆. ၂၀၄) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦးဦးစီးဌာန၊ အဆောက်အဦတည်ဆောက်ရေးအဖွဲ့ (၃) မှ ကိုယ်ပိုင်အမှတ်၊ ဆ/၀၉၀၉ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဖြင့် ညွှန်ကြားရေးမှူး (မြို့ပြ) (တာဝန်) ထမ်းဆောင်နေသော ဒေါ်သန်းသန်းဝင်း အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၁၈) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော် အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်၊ သာမန်နှင့် ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေမှ ကျခံသုံးစွဲမည့် အိမ်တော်များတွင် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်နှင့် မြေယာရှုခင်းဆိုင်ရာ လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် တာဝန်ပေးဆောင်ရွက်ရန် **တင်ဒါကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

(က) **တင်ဒါကော်မတီ**

(၁) ဦးဝင်းတင့် — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးမောင်မောင်အုန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး

(၃) ဦးမင်းထိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးဇော်ခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးကျော်ကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၆) ဦးလှစိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၇) ဒေါ်တင်တင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ+ဘဏ္ဍာ)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၈) ဦးမောင်မောင်လွင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ခ) တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆောက်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှု ရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့် ပစ္စည်းများအတွက် အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(၄) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(၅) နည်းပညာမြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူများစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(၇) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(၈) တင်ဒါမအောင်မြင်သူများကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(၉) တင်ဒါအောင်မြင်သူများအား ကြေညာခြင်း၊

(၁၀) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၁) ငှားရမ်းခြင်း (သို့မဟုတ်) ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(၁၂) ပစ္စည်းတန်ဖိုးအားလုံးအတွက် ဒေသန္တရဈေးနှုန်းသည် စာရင်းစစ်ချုပ်ရုံးက စစ်ဆေးလက်ခံမည့် ဈေးနှုန်းဖြစ်၍ လုပ်အားခနှင့် လုပ်ငန်းရှင် ဝန်ဆောင်မှုစရိတ်ပေါ်တွင် ရာခိုင်နှုန်း အနည်းဆုံးတောင်းခံသူအား ဦးစားပေးခြင်း၊

(၁၃) ကုမ္ပဏီအကြီးအငယ် ခွဲခြားမှုမပြုဘဲ ကတိကဝတ် အာမခံချက်နှင့် အရည်အသွေးစစ်ဆေးသည့်နည်းတို့ဖြင့် မှန်ကန်စွာရွေးချယ်ခြင်း။

(ဂ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးမောင်မောင်လွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | အိမ်တော်များဌာနကြီးမှ ကိုယ်စားလှယ် (၁) ဦး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၃) | ဦးဇော်ခင်<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးကျော်ကျော်လင်း<br>ညွှန်ကြားရေးမှူး (ရေသန့်)<br>လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးလှစိုး<br>ညွှန်ကြားရေးမှူး (လျှပ်စစ်)<br>လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်တင်တင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး (စီမံ+ဘဏ္ဍာ)<br>လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | သက်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး (၁) ဦး<br>လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ဃ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်။** ကြမ်းခင်းဈေးနှုန်းအား တွက်ချက်၍ တင်ဒါကော်မတီသို့ တင်ပြရမည်။

(င) **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

(၁) ဦးမောင်မောင်လွင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) အိမ်တော်များဌာနကြီးမှ ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(၃) ဦးဇော်ခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးကျော်ကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးလှစိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၆) ဒေါ်တင်တင်ဦး — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (စီမံ+ဘဏ္ဍာ)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(စ) တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(၁) တင်ဒါများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း။

(၂) **တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း**

(ကက) အဆိုပြုလွှာများမှ ကြမ်းခင်းဈေးထက်မြင့်သော တင်ဒါများအား ပယ်ဖျက်ခြင်း၊

(ခခ) အဆိုပြုလွှာများမှ ကြမ်းခင်းဈေးနှင့်ကိုက်ညီသော တင်ဒါများအား ရွေးချယ်၍ တင်ဒါဖွင့်ပွဲတွင် ယှဉ်ပြိုင်စေခြင်း၊

(ဂဂ) ကုမ္ပဏီများတွင်ပါဝင်သော Professional Engineer၊ Senior Registered Engineer နှင့် Registered Engineer အရေအတွက်နှင့် ၎င်းတို့၏ အတွေ့အကြုံများကို စစ်ဆေးခြင်း၊

(ဃဃ) ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရား လက်ဝယ်ပိုင်ဆိုင်မှု အခြေအနေကို စစ်ဆေးခြင်း၊

(ငင) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှု အခြေအနေကို စိစစ်ခြင်း၊

(စစ) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့ဖူးသော အတွေ့အကြုံများနှင့်အောင်မြင်မှုများကို စိစစ်ခြင်း၊ လုံခြုံရေးအရ ယုံကြည်စိတ်ချရသောကုမ္ပဏီများအား ရွေးချယ်ခြင်း၊

(ဆဆ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကို စိစစ်ခြင်း၊ (ရှိလျှင်)

(ဇဇ) နေပြည်တော်တွင် ရုံးချုပ်/ရုံးခွဲအခြေစိုက်ဖွင့်လှစ်ထားမှု ရှိ မရှိ စိစစ်ခြင်း။

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှု အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(ဆ) **အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီ**

(၁) ဦးမောင်မောင်လွင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) အိမ်တော်များဌာနကြီးမှ ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(၃) ဦးဇော်ခင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးကျော်ကျော်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရေသန့်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးလှစိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၆) ဒေါ်တင်တင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ+ဘဏ္ဍာ)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၇) သက်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး (၁) ဦး — အတွင်းရေးမှူး
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းမှ (ကိုယ်စား) ပေးပို့လာသည့် ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုကို လက်ခံခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံ စာရွက်စာတမ်းများ ထုတ်ပေးခြင်း။

# (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၁၁/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့ (နေပြည်တော်) မှ လွှတ်တော် (C , D , J) အဆောင်များတွင် M & E Design များအတွက် EOI ခေါ်ယူနိုင်ရန် **ဦးဆောင်ကော်မတီ နှင့် Working Group** အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **ဦးဆောင်ကော်မတီ**

(၁) ဦးဝင်းတင့် — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးတင်မောင်ဦး — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၃) ဦးသိန်းဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးမင်းထိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးမောင်မောင်လွင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ
ထိန်းသိမ်းရေးအဖွဲ့ (နေပြည်တော်)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး
ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ခ) **Working Group**

(၁) ဦးမောင်မောင်လွင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ
ထိန်းသိမ်းရေးအဖွဲ့ (နေပြည်တော်)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး
ဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးကိုကိုနိုင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၃) ဦးသန်းဇော်မျိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဓာတ်အားစနစ်)
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(၄) ဒေါက်တာမျိုးထိုက် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စက်မှုစစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၅) ဦးကြည်လှိုင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၆) ဒေါ်ဝင်းဝင်းမော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စက်မှုစစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၇) ဦးဇော်ဇော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေး
အဖွဲ့ (နေပြည်တော်)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၈) ဦးနေမျိုးဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၉) ဦးလှစိုး — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (လျှပ်စစ်)
လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများထိန်းသိမ်းရေး
အဖွဲ့ (နေပြည်တော်)၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၀) ဦးမြင့်သိန်း — အတွင်းရေးမှူး
အင်ဂျင်နီယာချုပ် (လျှပ်စစ်)
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဂ) ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(၁) EOI ခေါ်ယူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ လမ်းညွှန်မှုပြုခြင်း၊

(၂) လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ EOI တင်ဒါခေါ်ယူရေး၊ Working Group အား ဖွဲ့စည်း၍ ဦးစီးဆောင်ရွက်ခြင်း၊

(၃) EOI ခေါ်ယူရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၄) လွှတ်တော် (C,D,J) အဆောင် M & E အခန်းများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် စနစ်တကျဖြစ်စေရေးအတွက် ရေးဆွဲရာတွင် ကြီးကြပ်ပေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊

(၅) လွှတ်တော် (C,D,J) အဆောင် M & E Design များအတွက် EOI ခေါ်ယူရေး တင်ဒါ ရွေးချယ်ရေးကော်မတီ၏ ဆောင်ရွက်မှုများအား ကြီးကြပ်ပေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊

(၆) လွှတ်တော် (C,D,J) အဆောင် M & E Design များအတွက် EOI ခေါ်ယူရေး Working Group ၏ ဆောင်ရွက်မှုများအား ကြီးကြပ်ပေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊

(၇) M & E Design များအား ကောင်းမွန်စွာရေးဆွဲနိုင်သောအဖွဲ့ အမှန်တကယ်ရရှိရေးအတွက် ကြပ်မတ်ပေးရန်၊

(၈) M & E Design ရေးဆွဲရာတွင်လည်း လက်ရှိမြေပြင်အခြေအနေ (On Ground) များနှင့် ကိုက်ညီမှုရှိစေရေးနှင့် လျှပ်စစ်ဆိုင်ရာဥပဒေ နည်းဥပဒေများနှင့် ကိုက်ညီမှုများရှိစေရေး အတွက် ကြပ်မတ်လမ်းညွှန်မှုပေးခြင်း၊

(၉) ယခုလက်ရှိ အခြေအနေများပေါ်မူတည်၍ ပိုမိုကောင်းမွန်သော Design ဖြစ်စေရေးနှင့် သင့်တင့်သောကုန်ကျမှုများဖြစ်စေရေးအတွက် ကြီးကြပ်ပေးခြင်း၊

(၁၀) EOI ဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ လွှတ်တော်အဆောက်အဦများတွင် တပ်ဆင်ထားသော လျှပ်စစ်ပိုင်းနှင့် ဆက်စပ်စနစ်များစစ်ဆေးတွေ့ရှိမှုနှင့် ဆက်လက် ဆောင်ရွက်သင့်သည့်လုပ်ငန်းများအတွက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးသို့ အစီရင်ခံ တင်ပြခြင်း။

(ဃ) Working Group ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(၁) EOI ခေါ်ယူရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းစီမံကိန်း သတ်မှတ် ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) EOI ခေါ်ယူရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုကို ကဏ္ဍအလိုက် ချိတ်ဆက်မှုရှိစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊ ဆောင်ရွက်ပြီးစီးမှုကို ဦးဆောင်ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(၃) EOI ခေါ်ယူရေးလုပ်ငန်းများကို စိစစ်ခြင်းနှင့် ဦးဆောင်ကော်မတီသို့တင်ပြ၍ ခွင့်ပြုချက် ရယူခြင်း၊

(၄) EOI ခေါ်ယူရေးလုပ်ငန်းများကို စိစစ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(၅) လွှတ်တော် (C,D,J) အဆောင်များရှိ လက်ရှိအသုံးပြုနေသော 400 V ဓာတ်အားလိုင်း များအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် M & E Design များရေးဆွဲနိုင်ရန် စီမံ ဆောင်ရွက်ခြင်း၊

(၆) C,D,J အဆောင်များရှိ Low Voltage Lighting၊ (CCTV System)၊ (e-Voting System)၊ (Audio/Video ရုပ်/သံစနစ်)၊ Aircon System၊ ဓာတ်လှေကားစနစ်၊ Fire Alarm System၊ UPS System၊ Emergency Power Supply (Stand by Generator)၊ (Capacitor Bank ...etc အစရှိသည်တို့ ခြုံငုံပါဝင်သော New Detail Design Drawing များ ရရှိနိုင်ရေး စီမံဆောင်ရွက်ခြင်း၊

(၇) C,D,J အဆောင်များရှိ 400 V အတွင်းပိုင်း လျှပ်စစ်ပိုင်းဆိုင်ရာပုံစံများနှင့် ပြင်ပလျှပ်စစ်ပိုင်း ဆိုင်ရာ ပုံစံများအတွက် တင်ဒါခေါ်ယူ၍ Design Team များသို့ လုပ်ငန်းအပ်နှံခြင်း၊ Design ပုံစံထုတ်ခြင်း၊ ဒီဇိုင်းပုံစံများ မှန်ကန်မှု ရှိ မရှိ စစ်ဆေးခြင်း၊ (BQ) တွက်ချက်မှုများကို စိစစ်ဆောင်ရွက်ခြင်း၊

(၈) အသုံးပြုမည့်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ချက်များ၊ ကုန်ကျစရိတ်များ၊ Installation Method များအား စိစစ်အတည်ပြုခြင်း၊ သတ်မှတ်အချိန်အတိုင်းပြီးစီးရေး ကြီးကြပ် ကွပ်ကဲခြင်း၊ ပြီးစီးမှုအား စစ်ဆေးဆောင်ရွက်ခြင်း၊ EI စစ်ဆေးခြင်း၊

(၉) အနာဂတ်တွင် လျှပ်စစ်ပိုင်းဆိုင်ရာ ရေရှည်ပြင်ဆင်ထိန်းသိမ်းမှုအတွက် လွယ်ကူသော နည်းလမ်းများဖြင့် ကြိုတင်စဉ်းစား၍ ဆောင်ရွက်စေပြီး Final As Built Drawing များရရှိ နိုင်ရေးဆောင်ရွက်ခြင်း၊

(၁၀) လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ်အား ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုမိန့်ရန်ပုံငွေ တင်ပြတောင်းခံဆောင်ရွက်ခြင်း၊

(၁၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ပြည်တွင်းပညာရှင် အဖွဲ့အစည်းများ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လိုအပ်ပါက နည်းပညာအကူအညီများ ရယူနိုင်ရေး ဆောင်ရွက်ခြင်း။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၃/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါလမ်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ လွှဲပြောင်းပေးပြီးဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | လမ်းပိုင်းအမည် | - | ဘုရင့်နောင်တံတားချဉ်းကပ်လမ်း<br>(ရန်ကုန် - ပုသိမ်လမ်း၏ မိုင် ၀/၀-၅/၄ အထိ) |
| (ခ) | လမ်းအရှည် | - | ၅ မိုင် ၄ ဖာလုံ (သို့မဟုတ်) (၈. ၈၅) ကီလိုမီတာ |
| (ဂ) | စတင်သည့်နေရာ | - | ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ<br>ရန်ကုန်-ပုသိမ်လမ်း၏ မိုင်တိုင်အမှတ် ၀/၀<br>လှိုင်သာယာမြို့နယ် |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ၅ မိုင် ၄ ဖာလုံ (သို့မဟုတ်)<br>(၈. ၈၅) ကီလိုမီတာ<br>ရန်ကုန်-ပုသိမ်လမ်း၏ မိုင်တိုင်အမှတ် ၅/၄<br>လှိုင်သာယာမြို့နယ် |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရန်ကုန်-ပုသိမ်လမ်း (ရန်ကုန်တိုင်းဒေသကြီးအပိုင်း) အား မူလ မိုင် (၀/၀ - ၁၇/၄) အထိ (၁၇/၄) မိုင် **အစား** မိုင် (၅/၄ - ၁၇/၄ အထိ) (၁၂/၀) မိုင်အဖြစ် ပြင်ဆင်သတ်မှတ်သွားရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းအရှည်စုစုပေါင်းကို (၆၄၅ မိုင် ၆ ဖာလုံ ၃၆ ပေ) (သို့မဟုတ်) (၁၀၃၉. ၂၄၆) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၄/၂၀၁၈)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ လမ်းကို လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

| | | | |
|---|---|---|---|
| (က) | လမ်းပိုင်းအမည် | - | ပင်ဖြစ်-ဘုရားကုန်း-ဆပ်သေလမ်း |
| (ခ) | လမ်းအရှည် | - | ၆ မိုင် ၃ ဖာလုံ (သို့မဟုတ်)<br>၁၀. ၂၆၀ ကီလိုမီတာ |
| (ဂ) | စတင်သည့်နေရာ | - | ၀/၀ မိုင် (သို့မဟုတ်) ၀ ကီလိုမီတာ<br>ပင်ဖြစ်ရွာ။ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ၆ မိုင် ၃ ဖာလုံ (သို့မဟုတ်)<br>၁၀. ၂၆၀ ကီလိုမီတာ<br>ဆပ်သေရွာ |
| (င) | လမ်းနယ်နိမိတ်အကျယ် | - | ၁၀၀ ပေ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ လမ်းအရှည်မိုင် စုစုပေါင်းကို ၂၄၀၇ မိုင် ၆ ဖာလုံ (သို့မဟုတ် ) ၃၈၇၄. ၈၉၈ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၅/၂၀၁၈)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ လမ်းကို လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

| | | | |
|---|---|---|---|
| (က) | လမ်းပိုင်းအမည် | - | မြေပဲ-တောင်ပြို-စလဲလမ်း |
| (ခ) | လမ်းအရှည် | - | ၉ မိုင် ၅ ဖာလုံ (သို့မဟုတ်)<br>(၁၅. ၄၉၀) ကီလိုမီတာ |
| (ဂ) | စတင်သည့်နေရာ | - | ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ<br>မြေမဲရွာ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ၉ မိုင် ၅ ဖာလုံ (သို့မဟုတ်)<br>(၁၅. ၄၉၀) ကီလိုမီတာ<br>စလဲရွာ |
| (င) | လမ်းနယ်နိမိတ်အကျယ် | - | ၁၀၀ ပေ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ လမ်းအရှည်မိုင် စုစုပေါင်းကို ၂၄၁၇ မိုင် ၃ ဖာလုံ (သို့မဟုတ် ) ၃၈၉၀. ၃၈၉ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၆/၂၀၁၈)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်အတွင်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

| | | | |
|---|---|---|---|
| (က) | လမ်းပိုင်းအမည် | - | သစ်ပင်ထောင်-မကျီးပင်-ပလီလင်းလမ်း |
| (ခ) | လမ်းအရှည် | - | ၄ မိုင် ၃ ဖာလုံ (သို့မဟုတ်)<br>(၇. ၀၄၁) ကီလိုမီတာ |
| (ဂ) | စတင်သည့်နေရာ | - | ၀/၀ မိုင် (သို့မဟုတ်) (၀) ကီလိုမီတာ<br>အေးသာယာ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ၉ မိုင် ၅ ဖာလုံ (သို့မဟုတ်)<br>(၇. ၀၄၁) ကီလိုမီတာ<br>ပလီလင်း |
| (င) | လမ်းနယ်နိမိတ်အကျယ် | - | ၁၀၀ ပေ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ လမ်းအရှည်မိုင် စုစုပေါင်းကို ၂၄၂၁ မိုင် ၆ ဖာလုံ (သို့မဟုတ် ) ၃၈၉၇. ၄၂၉ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၇/၂၀၁၈)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် အောက်ဖော်ပြပါ လမ်းပိုင်း (၂) ခုအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

| | | | |
|---|---|---|---|
| (က) | လမ်းပိုင်းအမည် | - | လင်းခေးမြို့တွင်းလမ်းပိုင်း<br>ခွာညိုလမ်း ၁၈၈ ပေနှင့်<br>ယုဇနလမ်း ၄၀၀ ပေ |
| (ခ) | လမ်းအရှည် | - | ၅၈၈ ပေ (သို့မဟုတ်)<br>၀. ၁၇၉ ကီလိုမီတာ |
| (ဂ) | စတင်သည့်နေရာနှင့်<br>လမ်းဆုံးရောက်ရှိသည့်နေရာ | - | လင်းခေးမြို့ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ လမ်းအရှည်မိုင် စုစုပေါင်းကို (၂၄၂၁ မိုင် ၆ ဖာလုံ ၅၈၈ ပေ) (သို့မဟုတ်) (၃၈၉၇. ၆၀၈) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၃/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှ ညွှန်ကြားရေးမှူး လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးကျော်ဝင်း အား ၎င်း၏ တင်ပြလျှောက်ထားချက်အရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊

ရောင်းချခြင်း၊ ငှားရမ်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တင်ဒါကော်မတီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | ဒု-ဥက္ကဋ္ဌ (၁) |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ဒု-ဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | ဒု-ဥက္ကဋ္ဌ (၃) |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း)<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း)<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | လက်ထောက်အတွင်းဝန်<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဋ) | လက်ထောက်အတွင်းဝန်<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

အဆိုပါ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ကျပ် (၁၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ (သို့မဟုတ်) ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခုအား ဈေးနှုန်း အဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း (သို့မဟုတ်) ဝန်ဆောင်မှုရယူခြင်း ဆောင်ရွက်နိုင်သည်။

(ခ) ကျပ် (၁၀) သန်းမှ ကျပ်သန်း (၁၀၀) ထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြော်ငြာနိုင်ရေးဆောင်ရွက်ရမည်။

(ဂ) ကျပ်သန်း (၁၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း အတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လ ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင်ကြော်ငြာနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် (သို့မဟုတ်) နိုင်ငံခြားငွေ မဖြစ်မနေသုံးစွဲရမည့် ကိစ္စများမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်မည့်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။

(င) ဝယ်ယူလိုသည့်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်းရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေရေးတို့အတွက် စနစ်တကျစီမံခန့်ခွဲရမည်။

